# a&mrloOj'pm

၁ ခရစ်တော်ယေရှု၏ကျွန် ငါပေါလုထံမှ ကြားလိုက်ပါ၏။ ဘုရားသခင်သည် ငါ့ကို တမန်တော်အရာ၌ ခေါ်တော်မူ၏။ ငါသည် ဘုရားသခင်၏ သတင်းကောင်းကို လူအပေါင်းတို့အား ဟောပြောရန် ရွေးချယ်ခန့်ထားတော်မူ၏။

၂ ဘုရားသခင်သည် ဤသတင်းကောင်းကို မိမိ၏လူတို့အား ဟောပြောရန် ရှေးနှစ်ပေါင်းများစွာကပင် ကတိထားတော်မူ၏။ ဘုရားသခင်သည် မိမိ၏ပရောဖက်များကို အသုံးပြု၍ ဤကတိတော်ကို ပေးတော်မူ၏။ ကတိတော် မှာသန့်ရှင်းသောကျမ်းစာ၌ ရေးထား၏။ ၃-၄ ထိုသတင်းကောင်းမှာ ကျွန်ုပ်တို့၏အရှင်သခင်ဖြစ်တော်မူသော ဘုရားသခင်၏သားတော်ယေရှုခရစ်တော်အကြောင်းပင်ဖြစ်၏။ သူသည် လူဇာတိအားဖြင့် ဒါဝိဒ်အမျိုးမှ ဖွားမြင်လာ၏။ သို့သော်လည်း ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထင်ရှားစေတော်မူ၏။ သူသည် ကြီးမားသောတန်ခိုးဖြင့် ထင်ရှားစေတော်မူ၏။ သူသည် ကြီးမားသော တန်ခိုးဖြင့် သေခြင်းမှ ထမြောက်တော်မူ၍ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထင်ရှားစေတော်မူ၏။ ၅ ဘုရားသခင်သည် တမန်တော်ပြုအပ်သော အထူးလုပ်ငန်းကို ခရစ်တော်အားဖြင့် ငါ၌အပ်ပေးတော်မူ၏။ လူမျိုးအပေါင်းတို့သည် ယုံကြည်၍ ဘုရားသခင်၏ စကားကို နားထောင်ခြင်းသို့ ဦးဆောင်လမ်းပြရန် အတွက် အပ်ပေးခြင်းဖြစ်၏။ ထိုအထူးလုပ်ငန်းကို ငါသည် ခရစ်တော်အတွက် လုပ်ဆောင်၏။ ၆ ထို့ကြောင့် ရောမမြို့၌ရှိသော သင်တို့ကိုလည်းယေရှုခရစ်တော်နှင့်ဆိုင်ရမည်အကြောင်း ခေါ်တော်မူ၏။

၇ သန့်ရှင်းသူအရာ၌ ခန့်ထားသော ရောမမြို့သူမြို့သားအပေါင်းတို့ကို ဤစာအားဖြင့် ကြားလိုက်ပါ၏။ သင်တို့သည် ဘုရားသခင်ချစ်တော်မူသော လူမျိုးများဖြစ်ကြ၏။

ငါတို့အဖတည်းဟူသော ဘုရားသခင်နှင့် သခင်ယေရှုခရစ်အထံတော်က ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

## ဆုတောင်းခြင်းဖြင့် ကျေးဇူးတော်ကို ချီးမွမ်းခြင်း

၈ သင်တို့အားလုံးတို့အတွက်ကြောင့် ယေရှုခရစ်တော်အားဖြင့် ငါ၏ဘုရားသခင်ကျေးဇူးတော်ကို ရှေးဦးစွာ ငါချီးမွမ်း၏။ ကမ္ဘာ့နေရာအနှံ့အပြား၌ရှိသော လူတို့သည် သင်တို့၏ ကြီးမားသော ယုံကြည်ခြင်းအကြောင်းကို ပြောဆိုကြသောကြောင့် ငါသည် ဘုရားသခင်အား ကျေးဇူးတင်ပါ၏။ ၉-၁၀ ငါသည်ဆုတောင်းသောအခါတိုင်း၌သင်တို့ကို အစဉ်မပြတ်အောက်မေ့သတိရ၏။ ဤအကြောင်းမှန်သည်ကို ဘုရားသခင် သိတော်မူ၏။ ဘုရားသခင်သည်သားတော်အကြောင်းဖြစ်သောသတင်းကောင်းကို လူတို့အား ဟောပြောခြင်းအားဖြင့် ငါကိုးကွယ်သော *(အစေခံ)* ဘုရား ဖြစ်၏။ ငါ သည် သင်တို့ရှိရာသို့ လာနိုင်ရန် အခွင့်ရှိမည့်အကြောင်း ငါဆုတောင်း ၏။ ၁၁ အကယ်၍ ဘုရားသခင်သည် အလိုတော်ရှိလျှင် ထိုအရာသည် ပြည့်စုံလိမ့်မည်။ ငါသည် သင်တို့ကို အလွန်တွေ့မြင်လို၏။ ၁၂ သင်တို့ကို ခွန်အားနှင့်ပြည့်စုံစေရန် အချို့သော ဝိညာဉ်ဆုကျေးဇူးတို့ကို ငါသည် သင်တို့ကို ပေးရန် အလိုရှိ၏။ ထိုသို့ ငါဆိုရာတွင် ငါတို့၌ရှိသော ယုံကြည်ခြင်းဖြင့် ငါတို့သည် အချင်းချင်း ကူညီမစကြရမည်အကြောင်းကို ဆိုလို၏။ သင်တို့၏ ယုံကြည်ခြင်းသည် ငါ့ကို ကူညီမစလိမ့်မည်။ ငါ၏ ယုံကြည်ခြင်းသည်လည်း သင်တို့ကို ကူညီမစလိမ့်မည်ဖြစ်၏။ ၁၃ ညီအစ်ကိုမောင်နှမများတို့ ငါသည် သင်တို့ရှိရာသို့လာရန် ကြိမ်ဖန်များစွာ ကြိုးစားနေသည်ကို သင်တို့အား ငါသိစေလို၏။ သို့သော်လည်း သင်တို့ ရှိရာသို့လာရန် ငါသည် အခွင့်မသာသေး။ သင်တို့၏ ဝိညာဉ်အသက်တာ ကြီးထွား၍ တိုးပွားရန် ကူညီမစနိုင်မည်အကြောင်း ငါသည် လာလိုခြင်းဖြစ်၏။ ငါသည် ဂျူးလူမျိုးမဟုတ်သော အခြားသောသူတို့ကို ကူညီမစသည့်နည်းတူ သင်တို့ကိုလည်း ကူညီမစရန် အလိုရှိ၏။

၁၄ ငါသည် ဂရိလူမျိုးဖြစ်စေ၊ ဂရိလူမျိုးမဟုတ်သော လူမျိုးဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ လူမျိုးအပေါင်းတို့အား အစေခံရပါမည်။ ၁၅ ဤအ

ကြောင်းကြောင့် ငါသည် ရောမမြို့၌ရှိသော သင်တို့
အား သတင်းကောင်းကို အလွန်ဟောပြောလိုခြင်း
ဖြစ်၏။
၁၆ ငါသည် ဧဝံဂေလိတရားကြောင့် ဝါကြွားလျက်
ရှိ၏။ ထိုတရားသည် ယုံကြည်သောသူအပေါင်းတို့
ကို ကယ်တင်သော ဘုရားသခင်၏ တန်ခိုးတော်
ဖြစ်၍ ပထမတွင် ဂျူးလူမျိုး၊ နောက်မှ ဂျူးလူမျိုး
မဟုတ်သော အခြားလူမျိုးများအားလုံးကို ကယ်
တင်ရန်ဖြစ်၏။ ၁၇ ဘုရားသခင်သည် လူတို့ကို
အဘယ်သို့သောအားဖြင့် ဖြောင့်မတ်စေ တော်မူ
သည်ကို ထိုသတင်းကောင်းအားဖြင့် ထင်ရှားစေ
၏။ လူတို့၏ဖြောင့်မတ်ခြင်းအစနှင့်အဆုံးသည်
ယုံကြည်ခြင်းအားဖြင့်သာဖြစ်၏။ ၎င်းမှာ ဘုရားသ
ခင်၏ နည်းလမ်းဖြစ်၏။ "ယုံကြည်သောအားဖြင့်
ဘုရားသခင်နှင့် ဖြောင့်မတ်သောသူသည် ထာဝရ
အသက်ရှင်လိမ့်မည်"ဟုသော ကျမ်းစာလာသည်
နှင့်အညီဖြစ်၏။

## လူအပေါင်းတို့သည် မှားယွင်းစွာပြုကြခြင်း

၁၈ ဘုရားသခင်၏ အမျက်တော်သည် ကောင်း
ကင်မှ ထင်ရှားလျက်ရှိ၏။ လူတို့သည် ဘုရားသခင်
ကို ဆန့်ကျင်ကြကာ ပြုခဲ့သမျှသော ဒုစရိုက်အပြစ်
နှင့် မှားယွင်းခြင်းအရာ များတို့ကြောင့်ဘုရားသခင်
သည် အမျက်ထွက် တော်မူ၏။ သူတို့၌သမ္မာတရား
ရှိသော်လည်း သူတို့၏ဘုရားမဲ့နေခြင်း၊ တရားကို
လွန်ကျူးခြင်းအသက်တာများဖြင့် သမ္မာတရားကို
ဖုံးကွယ်ကြ၏။ ၁၉ ဘုရားသခင်သည် မိမိ၏အမျက်
တော်ကို ထင်ရှားစေ၏။ အဘယ်ကြောင့်ဆိုသော်
ဘုရားသခင်သည်လူတို့သိအပ်သော မိမိအကြောင်း
ကို ဖော်ပြတော်မူ၏။ ၂၀ ထာဝရတန်ခိုးတော်နှင့်
မိမိအား ဘုရားဖြစ်ကြောင်း ထင်ရှားစေသောအရာ
များအားလုံး တည်းဟူသော လူတို့မမြင်နိုင်သော
ဘုရားသခင်၏အကြောင်းများစွာရှိ၏။ သို့သော်လည်း
ကမ္ဘာတည်သည့်ကာလမှစ၍ ထိုအရာများတို့သည်
လူတို့အား လွယ်ကူစွာ နားလည်စေ၏။ ဘုရားသခင်
ဖန်ဆင်းတော်မူသောအရာများတို့ကို ထိုအရာများ
တို့က ထင်ရှားစေ၏။ ထို့ကြောင့် လူတို့သည် သူတို့
ပြုသော ဆိုးသောအမှုအရာများအတွက် ဆင်ခြေ
ပေး၍ မရပါ။ ၂၁ လူတို့သည် ဘုရားသခင်ရှိတော်
မူသည်ကို သိကြ၏။ သို့သော်လည်း သူတို့သည်
ဘုရားသခင်ကို မချီးမွမ်းကြ။ ကျေးဇူးလည်း မတင်
ကြ။ လူတို့တွေးဆခြင်းသည် အချည်းနှီးသက်သက်
ဖြစ်လာခဲ့၏။ သူတို့၏ မိုက်မဲသော စိတ်နှလုံးသည်
မှောင်မိုက်ခြင်း *(အပြစ်)* နှင့် ပြည့်လေ၏။ ၂၂ သူတို့
က ငါတို့သည် ပညာရှိ၏ဟု ဆိုသောကြောင့် သူတို့
သည် ပညာမဲ့သောလူမိုက် ဖြစ်လာကြ၏။ ၂၃ သူတို့
သည် ထာဝရအသက်ရှင်တော်မူသော ဘုရားသခင်
၏ ဂုဏ်တော်ကို ပယ်ကြ၏။ လူတို့သည် လောက
လူသားတို့နှင့် တူသော ရုပ်တုများကို ကိုးကွယ်ဖို့ရန်
ချီးမြှောက်၍ ကုန်သွယ်မှု ပြုကြ၏။ လူတို့သည်
ငှက်များ၊ တောရဲ တိရစ္ဆာန်များ၊ မြွေများ အစရှိသော
တွားတတ်သော တိရစ္ဆာန်တို့၏ရုပ်တုများကို
ဘုရားသခင်အရာ၌ ချီးမြှောက်၍ ကုန်သွယ်မှုပြုကြ
၏။
၂၄ လူတို့သည် အပြစ်နှင့် ပြည့်နေကြ၍ အပြစ်
ဒုစရိုက်များကိုသာ ပြုရန်အလိုရှိကြ၏။ ထို့ကြောင့်
သူတို့၏ အပြစ်ဒုစရိုက်ပွားများရာလမ်းသို့ လိုက်
သွားကြရန် ဘုရားသခင်သည် သူတို့ကို စွန့်ပစ်တော်
မူ၏။ သို့ဖြစ်၍ သူတို့သည် လိင်နှင့်သက်ဆိုင်
သောအပြစ်များနှင့် ပြည့်နှက်လာကြကာ မိမိတို့
၏ကိုယ်ခန္ဓာကိုပင် ကိလေသာ ညစ်ညူးခြင်း၌
မှားယွင်းစွာ အသုံးပြုကြ၏။ ၂၅ ထိုလူတို့သည် ဘုရား
သခင်၏ သမ္မာတရားကို လိမ်ညာခြင်းမုသာ၌
ကုန်သွယ်မှုပြုလာကြ၏။ ထိုသူတို့သည် ဖန်ဆင်း
ထားသောအရာတို့ကို ဝတ်ပြုကိုးကွယ်၍ အစေခံ
ကြ၏။ သို့သော်လည်း လူတို့သည် ထိုအရာများကို
ဖန်ဆင်းသောဘုရားသခင်ကို မကိုးကွယ်ကြ။ ဘုရား
သခင်၏အစေကိုလည်း မခံကြ။ ဘုရားသခင်သည်
ထာဝရချီးမွမ်းခြင်းမင်္ဂလာရှိတော်မူ၏။ အာမင်။
၂၆ လူတို့သည်ထိုအရာ များကိုပြုကြသောကြောင့်
သူတို့ပြုလိုသည့်ရှက်ကြောက်ဖွယ်သောအရာတို့ကို
ပြုကြရန်ဘုရားသခင်သည်သူတို့ကိုစွန့်ပစ်တော်မူ၏။
မိန်းမတို့ သည် ယောကျ်ားတို့နှင့် သဘာဝအတိုင်း
လိင်ဆက်ဆံမှုကိုစွန့်ကြ၏။ သူတို့သည် အခြားသော
မိန်းမတို့နှင့် မိန်းမချင်း လိင်တူဆက်ဆံမှုကို ပြု
ကြ၏။ ၂၇ ထိုနည်းတူ ယောကျ်ားတို့သည်လည်း
မိန်းမတို့နှင့်သဘာဝအတိုင်း လိင်ဆက်ဆံမှုကို
စွန့်ကြ၏။ ယောကျ်ားတို့သည်လည်း လိင်တူအချင်း
ချင်း ကိလေသာစိတ် ပူလောင်လျက်ရှိကြ၏။
ယောကျ်ားတို့သည် ရှက်ကြောက်ဖွယ်သောအရာ
တို့ကို အခြားသောယောကျ်ားတို့နှင့်ပြုကြ၏။ သူတို့
ပြုသောမှားယွင်းခြင်းအပြစ်ကြောင့် မိမိတို့၏ ကိုယ်
ခန္ဓာ၌ပင် အပြစ်ဒဏ်ကို ခံရကြ၏။
၂၈ လူတို့သည် ဘုရားသခင်ကို မှန်ကန်စွာသိ
သော ဉာဏ်ပညာသည် အရေးကြီးသည်ဟု မသိခဲ့

ကြ။ ထို့ကြောင့် ဘုရားသခင်သည် ထိုသူတို့အား
အချည်းနှီးသောအမှုကိုပြုရန် အခွင့်ပေးတော်မူ၏။
သို့ဖြစ်၍ ထိုသူတို့သည် မပြုအပ်သောအရာတို့ကို
ပြုကြ၏။ ၂၉ ထိုသူတို့သည် ပြစ်မှားခြင်း၊ မကောင်းမှု
ပြုခြင်း၊ လောဘကြီးခြင်း၊ မုန်းတီးခြင်းစသည်တို့နှင့်
ပြည့်လျက်ရှိကြ၏။ ထိုသူတို့သည် အတင်းအဖျင်း
စကားပြောကြ၏။ ၃၀ အချင်းချင်းမကောင်းသော
စကားကိုကြမ်းတမ်းစွာပြောဆိုကြ၏။ ထိုသူတို့သည်
ဘုရားသခင်ကို မုန်းကြ၏။ သူတို့သည် ကြမ်းတမ်း
သောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသော
သူဖြစ်ကြ၏။ ထိုသူတို့သည် မတတ်ကောင်းသော
အတတ်ကို စီရင်သောသူဖြစ်ကြ၏။ ထိုသူတို့သည်
မိဘစကားကို နားမထောင်ကြ။ ၃၁ သူတို့သည်
မိုက်မဲသောသူဖြစ်ကြ၏။ သူတို့သည် မိမိတို့ပြုခဲ့
သော ကတိများကို မစောင့်။ သစ္စာပျက်ကြ၏။
သူတို့သည် အခြားသောသူတို့အား သနားခြင်း
ကရုဏာစိတ်ကို မပြကြ။ ၃၂ ထိုသူတို့သည် ဘုရား
သခင်၏ပညတ်တော်ကို သိကြ၏။ ထိုသို့ပြုကျင့်
သောသူသည် သေရမည်ဟု ဘုရားသခင်၏ ပညတ်
တော်၌ဆိုထား သည်ကို သူတို့ သိကြ၏။ သို့သော်
လည်း သူတို့သည် ထိုအမှားများကို ဆက်လက်၍
လုပ်နေကြ၏။ ထိုသို့ပြုလုပ်သောသူတို့ကို မှန်သော
အမှုအရာပြုနေသည်ဟု သူတို့ထင်မှတ်ကြ၏။

## ဂျူးလူမျိုးများ၌ အပြစ်ရှိခြင်း

၂ အကယ်၍ သင်သည် အခြားသောသူများကို
စစ်ကြောစီရင်နိုင်သည်ဟု ထင်လျှင် သင်သည်
မှားနေပြီဖြစ်၏။ သင်သည်လည်း အပြစ်စီရင်ရန်
ခံထိုက်ပေ၏။ သင်သည် ထိုသူတို့ကို စစ်ကြောစီရင်
၏။ သို့သော်လည်း သင်သည် သူတို့နည်းတူ
မကောင်းသောအမှုကို ပြု၏။ ထို့ကြောင့် သင်သည်
သူတို့အား စစ်ကြောစီရင်ရာတွင် ကိုယ်အပြစ်ရှိ
ကြောင်းကို အမှန်စီရင်ဆုံးဖြတ်၏။ ၂ ဘုရားသခင်
သည် ထိုအမှားများကို ပြုသောသူတို့အား တရား
စီရင်တော်မူ၏။ ဘုရားသခင်၏တရားစီရင်ချက်သည်
သမ္မာတရားနှင့်ညီသည်ကို ငါတို့သိကြ၏။ ၃ ထိုသို့
သောအမှားများကိုပြုသောသူတို့အား သင်တို့သည်
လည်း စစ်ကြောစီရင်ကြ၏။ သို့သော်လည်း ထိုအမှား
များကို သင်တို့သည်လည်း ပြုကြ၏။ ထို့ကြောင့်
ဘုရားသခင်သည် သင်တို့အား တရားစီရင်လိမ့်မည်
ကို သင်တို့ အသေအချာ သိကြ၏။ သင်တို့သည်
ထွက်ပြေးတိမ်းရှောင်နိုင်ကြလိမ့်မည်မဟုတ်။ ၄ ဘု
ရားသခင်သည် သင့်အပေါ်၌ အလွန်ကြင်နာမှုရှိ
၏။ သူသည် သင့်အပေါ်၌ သည်းခံတော်မူ၏။
သင်သည် နောင်တရ၍ ပြောင်းလဲလာရန် ဘုရား
သခင်သည် စောင့်တော်မူ၏။ သို့သော်လည်း သင်
သည် သူ၏ကြင်နာမှုကို မထီမဲ့မြင်ပြု၍ မသိမှတ်
ဘဲနေ၏။ သင်သည် နောင်တရကာ စိတ်နှလုံး
ပြောင်းလဲ၍အသက်ရှင်ရန် ဘုရားသခင်သည် သင့်
အပေါ်၌ ကြင်နာသနားခြင်းရှိသည်ကို သင်သည်
နားလည်ခြင်းမရှိ။ ၅ သို့သော်လည်း သင်တို့သည်
စိတ်ခိုင်မာ၍ နောင်တမရလိုကြ။ သင်တို့သည်
နောင်တရ၍ပြောင်းလဲရန်ငြင်းပယ်ကြ၏။ ထို့ကြောင့်
သင်တို့သည် မိမိတို့၏အပြစ်ဒဏ်ကို ပို၍ကြီးသည်
ထက်ကြီးစေကြ၏။ ဘုရားသခင်သည် သူ၏အမျက်
တော်ကို ထင်ရှားစေသောနေ့သို့ရောက်သောအခါ
သင်တို့သည် ထိုအပြစ်ဒဏ်ကို ခံရကြမည်။ ထိုနေ့
တွင် လူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်စွာ
တရားစီရင်တော်မူခြင်းကို မြင်ရကြလိမ့်မည်။ ၆ ဘု
ရားသခင်သည် လူအသီးသီးတို့အား မိမိတို့ကျင့်
ခဲ့သည့်အတိုင်း ဆုလာဘ် သို့မဟုတ် အပြစ်ဒဏ်
ကို ပေးတော်မူလိမ့်မည်။ ၇ အချို့သောလူတို့သည်
ဘုရားသခင်၏ ဘုန်းအသရေတော်အတွက်သော်
လည်းကောင်း၊ ဘုရားသခင် ကို ကြည်ညိုလေးစား
ခြင်း၌သော်လည်းကောင်း၊ မပျက်စီးနိုင်သော ဘဝ
အသက်တာအတွက်သော်လည်းကောင်း အသက်
ရှင်ကြ၏။ ထိုသူတို့သည် ထိုအရာများတို့အတွက်
ကောင်းသောအကျင့်ကို အမြဲကျင့်သောအားဖြင့်
အသက်ရှင်ကြ၏။ ဘုရားသခင်သည် ထိုသူတို့အား
ထာဝရအသက်ကို ပေးတော်မူလိမ့်မည်။ ၈ သို့
သော်လည်း အခြားသောသူတို့သည် တစ်ကိုယ်
ကောင်းဆန်သောအတ္တစိတ်ရှိ၍ သမ္မာတရားကို
လိုက်လျှောက်ရန် ငြင်းပယ်ကြ၏။ ထိုသူတို့သည်
အပြစ်ဒုစရိုက်နောက်သို့ လိုက်ကြ၏။ ဘုရားသခင်
သည် ထိုသူတို့ကို ပြင်းထန်သော ဒေါသအမျက်
ထွက်၍ အပြစ်စီရင်လိမ့်မည်။ ၉ ဘုရားသခင်သည်
ဆိုးညစ်သောအမှုကိုပြုသော သူရှိသမျှတို့အပေါ်၌
ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာကို ရှေးဦးစွာ၌ ဂျူး
လူမျိုး၊ နောက်၌ ဂျူးလူမျိုး မဟုတ်သော အခြား
သောလူမျိုးတို့အပေါ်၌ ကျရောက်စေလိမ့်မည်။
၁၀ သို့သော်လည်း ဘုရားသခင်သည် ကောင်းသော
အကျင့်ကို ကျင့်သော သူရှိသမျှတို့အပေါ်၌ ဘုန်း
အသရေ၊ ကြည်ညို လေးစားခြင်း၊ ငြိမ်သက်ခြင်း
ချမ်းသာကို ရှေးဦးစွာ၌ ဂျူးလူမျိုး၊ နောက်၌ ဂျူး

မဟုတ်သောလူမျိုးတို့အပေါ်၌ သက်ရောက်စေ
ပါလိမ့်မည်။ ၁၁ဘုရားသခင်သည် လူအပေါင်းတို့
အား ဖြောင့်မတ်စွာ တရားစီရင်တော်မူ၏။
၁၂ ပညတ်တရားကို သိသောသူတို့နှင့် ပညတ်
တရားကို တစ်ခါမျှမကြားဘူးသော သူတို့သည်
ပြစ်မှားကြသောအခါ သူတို့သည် ခြားနားခြင်းမရှိ။
အတူတူပင်ဖြစ်ကြ၏။ ပညတ်တရားကို မသိဘဲ
ပြစ်မှားသူတို့သည် ပျက်စီးခြင်းသို့ရောက်ကြလိမ့်
မည်။ ထိုနည်းတူ ပညတ်တရားကို သိလျက်နှင့်
ပြစ်မှားသောသူတို့သည် ထိုပညတ်တရားအားဖြင့်
တရားစီရင်ခြင်းကို ခံကြရလိမ့်မည်။ ၁၃ တရားကို
ကြားနာရုံသက်သက်ဖြင့် လူတို့သည် ဘုရားသခင်
ရှေ့၌ဖြောင့်မတ်သည်မဟုတ်။ လူတို့သည် ပညတ်
တရားတော်၌ သွန်သင်သမျှသောအရာတို့ကို အစဉ်
အမြဲနားထောင်၍ ကျင့်မှသာလျှင် ထိုပညတ်တရား
သည် လူတို့ကို ဘုရားသခင်ရှေ့၌ ဖြောင့်မတ်စေ
၏။ ၁၄ (ဂျူးလူမျိုးမဟုတ်သော အခြားသော လူမျိုး
တို့၌ ပညတ်တော်မရှိကြ။ သို့သော်လည်း သူတို့
သည် ပညတ်တရားကို မသိကြသော်လည်း ကိုယ်
အလိုအလျောက်ကျင့်သောအခါ တရားတော်သည်
ကွပ်ကဲ၏။ ထိုနောက် သူတို့သည် ကိုယ်ကျင့်တရား
ကို အမှီပြုကြ၏။ သူတို့၌ ပညတ်တရား မရှိကြသော်
လည်း ထိုအရာသည် မှန်၏။ ၁၅တရားတော်၌ ပညတ်
ထားသည့်အတိုင်း ဘယ်အရာ မှန်သည်၊ ဘယ်
အရာမှားသည်ကို သူတို့ပြောပြတတ်ကြ၏။ တစ်ခါ
တစ်ရံ သူတို့သည် အမှားပြုခဲ့သည်ဟု သူတို့စိတ်
အထင်၌ ဖော်ပြလျှင် သူတို့အပြစ်ရှိသည်ဟု ထင်
တတ်ကြ၏။ တစ်ခါတစ်ရံ သူတို့သည် မှန်သည်ဟု
စိတ်အထင်၌ ဖော်ပြလျှင် အပြစ်ရှိသည်ဟု မထင်
တတ်ကြ။) ၁၆ ဘုရားသခင်သည် လူတို့၏ စိတ် ထဲ၌
ဖုံးကွယ်လျက်လျှို့ဝှက်သမျှသောအရာတို့ကို တရား
စီရင်သောနေ့တွင် ထင်ရှားစေလိမ့်မည်။ ဘုရား
သခင်သည် ခရစ်တော်ယေရှုအားဖြင့် လူတို့ကို
တရားစီရင်လိမ့်မည်ဟု ငါဟောပြောသောသတင်း
ကောင်း၌ ဖော်ပြထား၏။

**ဂျူးလူတို့နှင့်ပညတ်တော်**

၁၇ သင်တို့၌ အဘယ်သို့နည်း။ သင်တို့က ငါ
တို့သည် ဂျူးလူမျိုးများဖြစ်ကြသည်ဟုဆိုကြ၏။ သင်
တို့သည် ပညတ်တော်ကို ကိုးစား၍ ငါတို့သည်
ဘုရားသခင်နှင့်နီးကပ်သောလူမျိုးဖြစ်ကြသည်ဟု
ဝါကြွားကြ၏။ ၁၈ ဘုရားသခင်သည် သင်တို့ကို
အဘယ်သို့ ကျင့်စေလိုသည်ကို သင်တို့သိကြ၏။
သင်တို့သည် အရေးကြီးသောအရာတို့ကို သိကြ၏။
၁၉ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ပညတ်
တော်ကို လေ့လာဆည်းပူးပြီးဖြစ်ကြ၏။ သင်တို့က
ငါတို့သည် မှန်သောလမ်းကို မသိသော သူတို့
အား လမ်းပြသောသူများဖြစ်ကြသည်ဟု ထင်မှတ်
ကြ၏။ သင်တို့က ငါတို့သည် မှောင်မိုက်*(အပြစ်)*
၌ရှိသောသူတို့အတွက် အလင်းဖြစ်ကြသည်ဟုထင်
မှတ်ကြ၏။ ၂၀ သင်တို့က ငါတို့သည် လူမိုက်တို့
အား မှန်သောတရားသည် အဘယ်တရားဖြစ်သည်
ကို ဖော်ပြပေးနိုင်သည်ဟု ထင်မှတ်ကြ၏။ သင်တို့
၌ ပညတ်တရားရှိသောကြောင့် သမ္မာတရားနှင့်
ခပ်သိမ်းသောအရာတို့ကို သိကြသည်ဟု ထင်မှတ်
ကြ၏။ ၂၁ သင်တို့သည် အခြားသောသူတို့ကို သွန်
သင်ကြ၏။ သို့ဖြစ်လျှင် သင်တို့သည် အဘယ်ကြောင့်
ကိုယ်ကိုယ်ကို မသွန်သင်ဘဲ နေကြသနည်း။ သင်
တို့က လူတို့အား သူတပါးပစ္စည်းကို မခိုးရဟု ဆို
ကြ၏။ သို့သော်လည်း သင်တို့ကိုယ်တိုင်ခိုးယူကြ
၏။ ၂၂သင်တို့က လူတို့သည် သူ့မယားကို မပြစ်မှား
ရဟု ဆို ကြ၏။ သို့သော်လည်း သင်တို့ကိုယ်တိုင်
သည် ထိုအပြစ်ကိုကျူးလွန်၍ အပြစ်သင့်ကြ၏။ သင်
တို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို မုန်းကြ
၏။ သို့သော် သင်တို့သည် ဗိမာန်တော်များမှ ခိုးယူ
ကြ၏။ ၂၃ သင်တို့သည် ဘုရားသခင်၏ ပညတ်
တော်တရားအားဖြင့် ဝါကြွားလျက်ရှိကြ၏။ သို့သော်
လည်း သင်တို့သည် သူ၏ဥပဒေသတို့ကို ချိုးဖောက်
ခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်အသရေကိုရှုတ်ချ
ကြ၍ ရှက်ဖွယ်ရာကို ဖြစ်စေကြ၏။ ၂၄ "ဂျူးလူမျိုး
မဟုတ်သော အခြားသောလူမျိုးတို့သည် ဂျူးလူမျိုး
တို့၏အကျင့်ကိုထောက်၍ ဘုရားသခင်၏နာမတော်
ကို ကဲ့ရဲ့တတ်ကြ၏"ဟု ကျမ်းစာ၌ ရေးထား၏။
၂၅ အကယ်၍ သင်တို့သည် ပညတ်တော်ကို
လိုက်လျှောက်လျှင် သင်တို့၏ အရေဖျားလှီးခြင်း
သည် အဓိပ္ပာယ်ရှိ၏။ သို့သော်လည်း သင်တို့သည်
ပညတ်တော်ကို ချိုးဖောက်လျှင် သင်တို့သည် တစ်
ကြိမ်တစ်ခါမျှ အရေဖျားမလှီးသကဲ့သို့ ဖြစ်၏။
၂၆ဂျူးလူမျိုးမဟုတ်သောအခြားသောလူမျိုးတို့သည်
အရေဖျားလှီး ခြင်းကို မခံ။ သို့သော်လည်းအကယ်
၍ သူတို့သည် ပညတ်တော်တို့ကို လိုက်လျှောက်
ပါက သူတို့သည် အရေဖျားလှီးသကဲ့သို့ဖြစ်၏။
၂၇ သင်တို့ ဂျူးလူမျိုးတို့သည် ပညတ်တရားတော်
နှင့် အရေဖျားလှီးခြင်းရှိကြ၏။ သို့သော်လည်း သင်
တို့သည် ထိုဥပဒေသတို့ကို ချိုး ဖောက်ကြ၏။ ထို

ကြောင့် မိမိတို့၏ကိုယ်ခန္ဓာ၌ အရေဖျားလှီးခြင်းကို
မခံကြသော်လည်း ပညတ်တော်တို့ကိုလိုက်လျှောက်
လျက်ရှိကြသည်ဖြစ်၍ သင်တို့၌ အပြစ်ရှိသည်ကို
ထင်ရှားစေကြ၏။
၂၈ ဇာတိအားဖြင့်သာ ဂျူးလူမျိုးဖြစ်သော လူတစ်
ယောက်သည် ဂျူးလူမျိုး အစစ်အမှန်မဟုတ်။ စစ်
မှန်သောအရေဖျားလှီးခြင်းမှာ ကိုယ်ခန္ဓာအပြင်ပန်း
၌သာ တည်သည်မဟုတ်။ ၂၉ လူတစ်ဦးသည် အတွင်း
၌ ဂျူးလူမျိုးဖြစ်လျှင် ထိုသူသည် ဂျူးလူအစစ်အမှန်
ဖြစ်၏။ စစ်မှန်သော အရေဖျားလှီးခြင်းသည် နှလုံး
သားအထဲ၌ ဖြစ်၏။ ထိုအရာကို သန့်ရှင်းစေသော
ဝိညာဉ်တော်အားဖြင့်ပြု၏။ ကျောက်ပြားပေါ်၌ ရေး
ထားသော ပညတ်တော်သက်သက်အားဖြင့် မဟုတ်
ပါ။ နှလုံးသားထဲ၌ အရေဖျားလှီးခြင်းကို သန့်ရှင်း
သောဝိညာဉ်တော်အားဖြင့် ခံသောသူသည် ချီးမွမ်း
ခြင်းကို ဘုရားသခင်ထံတော်မှ ရ၏။ လူတို့ထံမှ ရ
ရှိခြင်း မဟုတ်ပါ။

၃ ထိုသို့ဖြစ်လျှင် ဂျူးလူတို့သည် အခြားသော လူ
မျိုးတို့ထက် သာသောအရာရှိပါသလား။ အရေ
ဖျားလှီးခြင်းအားဖြင့် အဘယ်သို့သော အကျိုးထူး
ရှိပါသနည်း။ ၂ မှန်ပေ၏။ ဂျူးလူမျိုးတို့သည် များ
စွာသောအကျိုးထူးရှိပါ၏။ အရေးကြီးဆုံးသောအရာ
မှာ ဘုရားသခင်သည် ဂျူးလူမျိုးတို့အား သူ၏ သွန်
သင်များကို ပေးအပ်တော်မူခြင်းဖြစ်သည်။ ၃ ဂျူး
လူမျိုးအချို့သည် ဘုရားသခင်ရှေ့တော်၌ သစ္စာ
ပျက်ကြသည်မှာ မှန်ပါ၏။ သို့ဖြစ်လျှင် ဘုရားသခင်
သည် မိမိ၏ ကတိတော်အတိုင်းပြုခြင်းမှ ရပ်ဆိုင်း
လိမ့်မည်လော။ ၄ မရပ်ဆိုင်းပါ။ လူခပ်သိမ်းတို့
သည် သစ္စာပျက်၍ မှားကြသော်လည်း ဘုရားသ
ခင်သည် သူ၏ ကတိသစ္စာတော်မှန်ကြောင်းကို
ဆက်လက်၍ တည်စေမည်ဖြစ်၏။ ကျမ်းစာ၌

"ကိုယ်တော်သည် ဖြောင့်မတ်တော်မူ
ကြောင်းကို ကိုယ်တော်မိန့်တော်မူသော
စကားတို့ဖြင့် သက်သေထင်ရှားပါ၏။
ကိုယ်တော်သည် တရားစီရင်တော်မူ
သောအခါ အောင်လိမ့်မည်"ဟုဆို၏။

*ဆာလံ ၅၁:၄*

၅ ကျွန်ုပ်တို့သည် အမှားကို ပြုမိသောအခါ
ဘုရားသခင်သည် ဖြောင့်မတ်တော်မူကြောင်းကို
ထိုအရာများအားဖြင့် ထင်ရှားလျက်ရှိ၏။ ထို့ကြောင့်
သူသည် ကျွန်ုပ်တို့အား တရားစီရင်သောအခါ ဘုရား
သခင်သည် အမှားပြုသည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်
မည်လား။ (လူအချို့က ထိုသို့ထင်တတ်ကြ၏) ၆ ထို
သို့ မဟုတ်ပါ။ အကယ်၍ ဘုရားသခင်သည် ငါတို့
ကို တရားစီရင်ခြင်း မပြုနိုင်လျှင် လောကီသားတို့ကို
တရားစီရင်ခြင်းပြုနိုင်မည် မဟုတ်ပါ။
၇ လူတစ်ယောက်က "ကျွန်ုပ်သည် မုသာပြော
သောအခါ ထိုမုသာစကားသည် ဘုရားသခင်အား
ဘုန်းအသရေကို အမှန်ပေးတော်မူ၏။ အဘယ်
ကြောင့်ဆိုသော် ကျွန်ုပ်၏မုသာပြောခြင်းသည် ဘုရား
သခင်၏ သမ္မာတရားကို ထင်ရှားစေတော်မူပြီ" ဟု
ပြောဆိုနိုင်မည်လော။ ထိုသို့ဆိုလျှင် ငါသည် အပြစ်
ရှိသောသူကို အဘယ်ကြောင့် တရားစီရင်ပါသနည်း။
၈ "ငါတို့သည် အဆိုးကိုပြုလျှင် ကောင်းသောအရာ
သည် ရောက်လာလိမ့်မည်"ဟု ပြောဆိုခြင်းနှင့်
အတူတူပင်ဖြစ်၏။ လူများစွာတို့က ငါတို့သည်
ထိုအရာများကို သွန်သင်ကြသည်ဟု ပြောဆိုလျက်
ငါတို့ကို အပြစ်တင်ဝေဖန်ကြ၏။ ထိုအရာများကို
ပြောဆိုသောလူတို့သည် မှားကြသည် ဖြစ်၍ လူတို့
သည် အပြစ်စီရင်တော်မူခြင်းကို ခံရကြမည်ဖြစ်၏။

**လူအားလုံး၌ အပြစ်ရှိခြင်း**

၉ ထို့ကြောင့် ငါတို့သည် ဂျူးလူမျိုးဖြစ်လျက်
အခြားသောလူမျိုးတို့ထက်သာ၍ ကောင်းမြတ်ကြ
ပါသလား။ မကောင်းကြပါ။ ဂျူးလူမျိုးတို့နှင့် ဂျူး
လူမျိုးမဟုတ်သော အခြားသောလူမျိုးတို့သည်
အတူတူပင်ဖြစ်ကြသည်ဟု ငါတို့ ဆိုခဲ့ပြီးဖြစ်၏။
သူတို့အားလုံးတို့သည် အပြစ်ရှိကြ၏။ ၁၀ ကျမ်းစာ၌
ဆိုထားသည်မှာ

"အပြစ်ကင်းသောသူမရှိ၊
တစ်ယောက်မျှမရှိ၊
၁၁ "နားလည်သောသူ တစ်ယောက်မျှမရှိ၊
ဘုရားသခင်ကို အမှန်ရှာသောသူ
တစ်ယောက်မျှမရှိ။
၁၂ လူအပေါင်းတို့သည် အဝေးသို့ လမ်းလွဲကြပြီ၊
လူအပေါင်းတို့သည် အသုံးမရသောသူများ
ဖြစ်ကြပြီ။
ကောင်းသောအရာကို ပြုသောသူမရှိ
တစ်ယောက်မျှမရှိ"

*ဆာလံ ၁၄:၁-၃*

၁၃ "လူတို့၏ပါးစပ်သည်
ဖွင့်ထားသော သင်္ချိုင်းတွင်းနှင့်တူ၏။
သူတို့သည် မိမိတို့၏လျှာများကို
မုသာဖြင့် လှည့်စားခြင်း၌ အသုံးပြုကြ၏"

*ဆာလံ ၅း၉*
“သူတို့ပြောသောစကားသည်
မြွေဆိုးတို့၏ အဆိပ်နှင့်တူ၏”
*ဆာလံ ၁၄၀း၃*
၁၄ “သူတို့၏နှုတ်ပါးစပ်များသည်
ကျိန်ဆဲသောစကား
ကြမ်းတမ်း၍ ခါးသောစကားနှင့်ပြည့်ဝ၏”
*ဆာလံ ၁၀း၇*
၁၅ “လူတို့သည် အစဉ်အမြဲ
နာကျင်စေဖို့ရန်နှင့်
သတ်ဖို့ရန် အဆင်သင့်ဖြစ်ကြ၏။
၁၆ သူတို့ သွားရောက်သောနေရာတိုင်း၌
ပျက်စီးယိုယွင်းခြင်းနှင့်
ဝမ်းနည်းကြေကွဲခြင်းများကို ဖြစ်ပေါ်
စေတတ်ကြ၏။
၁၇ လူတို့သည် ငြိမ်းချမ်း၍ ဆိတ်ငြိမ်သော
လမ်းကို မသိကြ”
*ဟေရှာယ ၅၉း၇-၈*
၁၈ “သူတို့၌ ဘုရားသခင်ကို
ကြောက်ရွံ့ခြင်း သို့မဟုတ်
ကြည်ညိုလေးစားခြင်း သဘောမရှိကြပါ
*ဆာလံ ၃၆း၁*
၁၉ ပညတ်တရား၌ဆိုထားသောအရာများသည်
ပညတ်တရားအောက်၌ရှိသော သူတို့အတွက်ဖြစ်
၏။ ထိုသို့ဖြစ်၍(ဂျူးလူမျိုးတို့နှင့်ဂျူးလူမျိုး မဟုတ်
သောအခြားသောလူမျိုး) တို့သည် ဘုရားသခင်၏
ရှေ့တော်၌ တရားစီရင်ခြင်းကို ခံရကြမည်။ ဂျူး
လူမျိုးအားလုံးတို့သည် လောကီသားအပေါင်းတို့
(ဂျူးလူမျိုးတို့နှင့် ဂျူးလူမျိုးမဟုတ်သောအခြား လူ
မျိုးတို့ ) အပေါ်သို့ စကားတစ်ခွန်းမျှ ပြောစရာ
အခွင့် မရှိစေခြင်းငှာ ကျရောက်စေ၏။ ၂၀ အဘယ်
ကြောင့်ဆိုသော် ပညတ်တရားကို လိုက်လျှောက်
ခြင်း *(ကျင့်ခြင်း)*အားဖြင့် ဘုရားသခင်၏ရှေ့တော်
၌ မည်သူတစ်ဦးတစ်ယောက်မျှ ဖြောင့်မတ်ခြင်း
သို့ မရောက်နိုင်ပါ။ ထိုပညတ်တရားသည် ငါတို့၏
အပြစ်ကိုသာ ဖော်ပြ၏။

**ဘုရားသခင်သည် လူတို့ကိုမည်သို့ဖြောင့်မတ်စေသနည်း**

၂၁ သို့သော်လည်း ဘုရားသခင်သည် လူတို့အား
ပညတ်တရားအားဖြင့်မဟုတ်ဘဲ ဖြောင့်မတ်ခြင်း
သို့ ရောက်စေနိုင်သော လမ်းတစ်ခုရှိ၏။ ဘုရား
သခင်သည် ယခုတွင် ထိုအသစ်သော လမ်းကို
ငါတို့အား ဖော်ပြတော်မူ၏။ ပညတ်တရားနှင့် ပရော
ဖက်များတို့သည် ထိုအသစ်သော လမ်းကို ငါတို့
အား ဟောပြောကြ၏။ ၂၂ ဘုရား သခင်သည် လူတို့
အား ယေရှုခရစ်တော်၌ သူတို့၏ ယုံကြည်ခြင်းအား
ဖြင့် ဖြောင့်မတ်စေတော်မူ၏။ ဘုရားသခင်သည်
ခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့အတွက်
ထိုအရာကို ပြုတော်မူ၏။ လူအပေါင်းတို့သည်
ခြားနားခြင်း အလျင်းမရှိ။ အတူတူပင်ဖြစ်ကြ၏။
၂၃ လူအပေါင်းတို့သည် ဒုစရိုက်အပြစ်ကို ပြုကြ၍
ဘုရားသခင်၏ ဘုန်းအရေတော်ကို မှီနိုင်သော
ကောင်းမြတ်ခြင်းမရှိကြပါ။ ၂၄ လူတို့သည် ဘုရား
သခင်၏ ကျေးဇူးတော် *(ကြင်နာခြင်း)*အားဖြင့်သာ
ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်းအခွင့်ရကြ၏။
ထိုဖြောင့်မတ်ခြင်းမှာ အခမဲ့လက်ဆောင်ဖြစ်၏။
သူတို့သည် ယေရှုခရစ်တော်အားဖြင့်သာလျှင်
အပြစ်လွတ်ခြင်းအခွင့်ကို ရ၍ ဘုရားသခင်ရှေ့၌
ဖြောင့်မတ်ခြင်း အခွင့်ရကြ၏။ ၂၅ ယုံကြည်ခြင်း
အားဖြင့် လူတို့၏အပြစ်များ လွတ်ခြင်းအခွင့်ကို
ရရှိစေရန် ဘုရားသခင်သည် ယေရှုကို ပေးတော်
မူ၏။ ဘုရားသခင်သည် ယေရှု၏အသွေးတော်
*(အသေခံတော်မူခြင်း)*အားဖြင့် အပြစ်လွှတ်တော်
မူ၏။ သူသည် အဘယ်အရာ၌ဖြောင့်မတ်၍ မျှတမှု
ဖြင့် အစဉ်အမြဲပြုတော်မူသည်ကို ထင်ရှားစေရန်
ဘုရားသခင်သည် ယေရှုကို ပေးတော်မူ၏။ သူ
သည် လွန်ခဲ့ပြီးသောကာလတွင် လူတို့၏အပြစ်
ဒုစရိုက်များအတွက် စိတ်ရှည်၍ သည်းခံတော်မူ
ခြင်း၊ အပြစ်စီရင်တော်မူခြင်း မပြုသည့်အရာတွင်
ဘုရားသခင်သည် ဖြောင့်မတ်တော်မူ၏။ ၂၆ ဘုရား
သခင်သည် မိမိ၏ဖြောင့်မတ်စွာ ပြုတော်မူခြင်းကို
ယနေ့တွင် ထင်ရှားစေရန် ယေရှုကို ပေးတော်
မူ၏။ ဖြောင့်မတ်စွာတရားစီရင်နိုင်ရန်နှင့် ယေရှုကို
ယုံကြည်သူလူတိုင်းတို့အားဖြောင့်မတ်စေရန်ဘုရား
သခင်သည် ဤသို့ ပြုတော်မူ၏။
၂၇ ထို့ကြောင့် ငါတို့သည် မည်ကဲ့သို့ ဝါကြွား
စရာအကြောင်းရှိနိုင်ကြမည်နည်း။ မရှိနိုင်ကြပါ။ အ
ဘယ်ကြောင့်နည်းဟူမူကား ဝါကြွားစရာအကြောင်း
ရှိသမျှတို့ကို ရပ်တန့်ကုန်ဆုံးစေသောကြောင့်ဖြစ်
၏။ ထိုသို့ရပ်တန့်ခြင်းသည် ပညတ်တရား နောက်
သို့လိုက်ခြင်းအားဖြင့် မဟုတ်ပါ။ ၂၈ အဘယ်ကြောင့်
ဆိုသော် လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဘုရား
သခင်ရှေ့တော်၌ဖြောင့်မတ်ခြင်းကိုရနိုင်၏။ ပညတ်
တရားကို လိုက်လျှောက်၍ သူပြုခဲ့သောအရာများ

အားဖြင့် မဟုတ်ပါ။ ထိုအရာသည် ငါတို့၏ယုံကြည်
ခြင်းကြောင့်ဖြစ်၏။ ၂၉ ဘုရားသခင်သည် ဂျူးလူမျိုး
တို့၏ဘုရားသာဖြစ်တော်မူသည်မဟုတ်။ သူသည်
ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုးတို့၏
ဘုရား လည်းဖြစ်တော်မူ၏။ ၃၀ ဘုရားသခင်တစ်ဆူ
တည်း ရှိတော်မူ၏။ ဘုရားသခင်သည် ဂျူးလူမျိုး
တို့အားသူတို့၏ယုံကြည်ခြင်းအားဖြင့်သာဖြောင့်မတ်
စေတော်မူသကဲ့သို့ ဂျူးလူမျိုးမဟုတ်သောအခြား
သော လူမျိုးတို့ကိုလည်း သူတို့၏ယုံကြည်ခြင်းအား
ဖြင့်သာ ဖြောင့်မတ်စေတော်မူ၏။ ၃၁ ထို့ကြောင့်
ငါတို့သည် ယုံကြည်ခြင်းလမ်းကို လိုက်လျှောက်
ခြင်းအားဖြင့် ပညတ်တရားကို ပျက်စီးစေပါသလား။
မပျက်စီးစေပါ။ ယုံကြည်ခြင်းသည် ငါတို့အား ပညတ်
တရားနှင့်အညီ အသက်ရှင်စေ၏။

## အာဗြဟံ၏ ပုံသက်သေ

၄ သို့ဖြစ်လျှင် ငါတို့အဖအာဗြဟံအကြောင်းကို
အဘယ်သို့ ပြောကြမည်နည်း။ သူသည် ယုံ
ကြည်ခြင်းအကြောင်းကို အဘယ်သို့ သင်ယူခဲ့ပါ
သနည်း။ ၂ အကယ်၍ အာဗြဟံသည် မိမိပြုသော
အကျင့်အားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်လျှင်
သူ၌ ဝါကြွားစရာအကြောင်းရှိ၏။ သို့သော်လည်း
အာဗြဟံသည် ဘုရားသခင်ရှေ့၌ အလျှင်း မဝါကြွား
နိုင်ပါ။ ၃ ကျမ်းစာ၌ "အာဗြဟံသည် ဘုရားသခင်ကို
ယုံကြည်၏။ ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်
ခြင်းကို လက်ခံ တော်မူ၏။ ထိုအရာသည် အာဗြဟံ
အား ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်စေ၏"ဟု
ရေးထား၏။

၄ လူတစ်ယောက် အလုပ်လုပ်၍ရသော လုပ်
အားခသည် လက်ဆောင်ကဲ့သို့ ရခြင်းမဟုတ်။ အ
လုပ်လုပ်သောကြောင့် ရခြင်းဖြစ်၏။ ၅ သို့သော်လည်း
လူသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်း
အခွင့်ကိုရရှိရန် မည်သည့်အရာကိုမျှ မလုပ်နိုင်
ပါ။ ထို့ကြောင့် သူသည် ဘုရားသခင်ကိုသာ
ကိုးစားရသည်။ ထို့နောက် ဘုရားသခင်သည် ထို
သူ၏ ယုံကြည်ခြင်း*(ကိုးစားခြင်း)*ကို လက်ခံတော်
မူမည်။ ထိုယုံကြည်ခြင်းသည်သူ့အားဘုရားသခင်ရှေ့
တော်၌ ဖြောင့်မတ်သောသူဖြစ်စေသည်။ ဘုရား
သခင်သည် ဆိုးသောသူတို့ကိုပင် ဖြောင့်မတ်စေ
တော်မူ၏။ ၆ ဒါဝိဒ်ကလည်း ထို့အတူ ပြောဆိုခဲ့၏။
ဒါဝိဒ်က ဘုရားသခင်သည် လူတစ်ယောက် ပြုခဲ့
သောအရာများကို ကြည့်ရှုတော်မမူဘဲ ထိုသူအား
ဖြောင့်မတ်သောသူတစ်ယောက်ကဲ့သို့ လက်ခံတော်
မူလျှင် ထိုသူသည် မင်္ဂလာရှိသောသူဖြစ်သည်ဟု
ဆိုခဲ့၏။

၇ "မိမိတို့၏အမှားများကို
ခွင့်လွှတ်ခြင်းခံရပြီး
မိမိ၏အပြစ်များကို ဖုံးအုပ်ခြင်း
ခံရသောသူတို့၌
မင်္ဂလာ(ဝမ်းမြောက်ခြင်း)ရှိ၏။
၈ ထာဝရဘုရား၏အပြစ်တင်ခြင်းကို
မခံရဘဲ
အပြစ်ကင်းစင်သောသူကဲ့သို့
သတ်မှတ်ခြင်းခံရသောသူတို့၌
မင်္ဂလာ(ဝမ်းမြောက်ခြင်း)ရှိ၏"

*ဆာလံ ၃၂း၁-၂*

၉ ထိုဝမ်းမြောက်ခြင်းမင်္ဂလာသည် အရေဖျားလှီး
သောသူတို့*(ဂျူးလူမျိုး)*အတွက်သာလျှင် ဖြစ်ပါသ
လား။ သို့မဟုတ် ထိုဝမ်းမြောက်ခြင်း မင်္ဂလာသည်
အရေဖျားလှီးခြင်းကို မခံသောလူမျိုး*(ဂျူးလူမျိုး
မဟုတ်သော အခြားသော လူမျိုး)*တို့အတွက်လည်း
ဖြစ်ပါသလား။ ဘုရားသခင်သည် အာဗြဟံ၏ ယုံ
ကြည်ခြင်းကို လက်ခံတော်မူ၍ ထိုယုံကြည်ခြင်း
သည် သူ့အား ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်
ခြင်းရှိစေသည်ဟု ငါတို့ ပြောဆိုခဲ့ပြီးဖြစ်၏။ ၁၀ ထို့
သို့ဖြစ်လျှင် ထိုအရာသည် အဘယ်သို့ဖြစ်ခဲ့သနည်း။
ဘုရားသခင်သည် အာဗြဟံအား အရေဖျားလှီးခြင်း
ကို မခံမီ လက်ခံတော်မူသလား။ သို့မဟုတ် အရေ
ဖျားလှီးခြင်းခံပြီးမှ လက်ခံတော်မူသလား။ ဘုရား
သခင်သည် အာဗြဟံအား သူသည် အရေဖျားလှီး
ခြင်းကို မခံမီ လက်ခံတော်မူ၏။ ၁၁ ဘုရားသခင်
သည် သူ့အား လက်ခံတော်မူကြောင်းကို ထင်ရှား
စေရန် အာဗြဟံသည် နောက်မှအရေဖျားလှီးခြင်း
ကို ခံခဲ့၏။ သူသည် အရေဖျားလှီးခြင်းကို မခံမီ
ဘုရားသခင်၏ ရှေ့တော်၌ ဖြောင့်မတ်ခြင်း ရရှိပြီး
ဖြစ်၏။ ၎င်းကို သူ၏ အရေဖျားလှီးခြင်းက သက်
သေထူ၏။ ထို့ကြောင့် အာဗြဟံသည် အရေဖျားလှီး
ခြင်းကို မခံသော ယုံကြည်သောသူအပေါင်းတို့၏
ဖခင်ဖြစ်၏။ ထိုသို့ ယုံကြည်၍ လက်ခံသောသူတို့
သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းရှိ
ကြ၏။ ၁၂ ထို့အပြင် အာဗြဟံသည် အရေဖျားလှီး
ခြင်းကို ခံသောသူတို့၏အဖလည်း ဖြစ်၏။ သို့သော်
လည်း အာဗြဟံ သူတို့၏အဖဖြစ်ခြင်းသည် သူတို့၏
အရေဖျားလှီးခြင်းကြောင့် မဟုတ်။ အာဗြဟံသည်

အရေဖျားလှီးခြင်းကို မခံမီက ယုံကြည်ခြင်းဖြင့်
အသက်ရှင်သကဲ့သို့ ထိုသူတို့လည်း လိုက်လျှောက်
ခြင်းရှိမှသာ အာဗြဟံသည် သူတို့၏ ဖခင်ဖြစ်ပေ
မည်။

## ကတိတော်ကို ယုံကြည်ခြင်း

၁၃ အာဗြဟံနှင့် သူ၏ အမျိုးအနွယ်တို့သည် ဤ
လောကတစ်ခုလုံးကို အမွေခံရမည်ဟူသော ကတိ
တော်ကို ရရှိကြ၏။ သို့သော်လည်း အာဗြဟံသည်
ပညတ်တရားကို လိုက်လျှောက်သောကြောင့် ထို
ကတိတော်ကို ရရှိခြင်းမဟုတ်။ အာဗြဟံသည် ယုံ
ကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်
မတ်ခြင်းရှိသောကြောင့် ထိုကတိတော်ကို ရရှိခြင်း
ဖြစ်၏။ ၁၄ အကယ်၍ လူတို့သည် ဘုရားသခင်ကတိ
ပေးတော်မူသောအရာများတို့ကို ပညတ်တရား
လိုက်လျှောက်ခြင်းအားဖြင့် ရရှိကြမည်ဆိုလျှင် ယုံ
ကြည်ခြင်းသည် အချည်းနှီးသာဖြစ် မည်။ ထို့အပြင်
ဘုရားသခင်သည် အာဗြဟံအား ပေးတော်မူသော
ကတိတော်သည်လည်း အချည်းနှီးသာဖြစ်လိမ့်မည်။
၁၅ အဘယ်ကြောင့်ဆိုသော် ပညတ်တရားကို နာခံ
ခြင်းမရှိသောအခါ ထိုပညတ်တရားသည် ဘုရား
သခင်၏အမျက်တော်ကိုသာ ခံစေ၏။ သို့သော်
ပညတ်တရားမရှိလျှင်နာခံခြင်းလည်းရှိမည်မဟုတ်။
၁၆ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ကတိ
တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ရရှိကြ၏။ သို့မှ
သာ ကတိတော်သည် အခမဲ့ပေးသော လက်ဆောင်
ဖြစ်နိုင်ပေသည်။ အကယ်၍ ကတိတော်သည် အခ
မဲ့ပေးသော လက်ဆောင်ဖြစ်လျှင် အာဗြဟံ၏ လူ
အပေါင်းတို့သည် ထိုကတိတော်ကို ရရှိနိုင်ကြပါ
မည်။ ထိုကတိတော်မှာ မောရှေ၏ပညတ်တရား
အောက်၌ရှိသောလူတို့အတွက်သာ မဟုတ်ပါ။ အာ
ဗြဟံနည်းတူယုံကြည်ခြင်းအားဖြင့် အသက်ရှင်သော
သူရှိသမျှတို့အတွက်ဖြစ်၏။ အာဗြဟံသည် ငါတို့
အားလုံး၏အဖဖြစ်၏။ ၁၇ ကျမ်းစာ၌ "ငါသည် သင့်
*(အာဗြဟံ)* ကို များစွာသောလူမျိုးတို့၏ဖခင်ဖြစ်စေ
တော်မူပြီ" ဟု ရေးထား၏။ ဤအရာသည် ဘုရားသ
ခင်၏ရှေ့တော်၌ မှန်ကန်ပါ၏။ သေလွန်သောသူ
တို့ကို အသက်ရှင်စေ၍ ယခုမဖြစ်သေးသောအရာ
များဖြစ်စေတော်မူသော ဘုရားသခင်ထာဝရဘုရား
ကို အာဗြဟံ ယုံကြည်၏။
၁၈ အာဗြဟံ၌ သားသမီးများထွန်းကားလိမ့်မည်
ဟု မျှော်လင့်စရာအကြောင်းအလျှင်းမရှိပါ။ သို့
သော်လည်း သူသည် ဘုရားသခင်ကို ယုံကြည်
သောကြောင့် ဆက်လက်၍ မျှော်လင့်လျက်နေ၏။
ထိုအကြောင်းကြောင့် သူသည် လူမျိုးများတို့၏အဖ
ဖြစ်လာခဲ့၏။ "သင်၏အမျိုးအနွယ် *(သားသမီးများ)*
မြောက်မြားစွာ ထွန်းကားလိမ့်မည်ဟု ဘုရားသခင်
သည် သူ့အား မိန့်တော်မူသည်အတိုင်းဖြစ်လာ၏။
၁၉ အာဗြဟံ သည် အသက်နှစ်ပေါင်းတစ်ရာနီးပါး
ခန့်ရှိပြီးဖြစ်၏။ ထို့ကြောင့် အလွန်အိုမင်းနေပြီဖြစ်
၍ သားသမီးမွေးရန်မဖြစ်နိုင်။ စာရာသည်လည်း
သားသမီးမွေးဖွားရန် မဖြစ်နိုင်။ အာဗြဟံသည် ထို
အကြောင်းအရာတို့ကို စဉ်းစားမိ၏။ သို့သော်လည်း
ဘုရားသခင်၌သူ၏ယုံကြည်ခြင်းသည် ယုတ်လျော့
အားနည်းခြင်း မရှိခဲ့ပါ။ ၂၀ ဘုရားသခင်သည် မိမိ
ပေးသောကတိတော်ကို ပြည့်စုံစေမည်ကို အာဗြ
ဟံသည် တစ်ကြိမ်တစ်ခါမျှ သံသယစိတ်မရှိခဲ့ပါ။
အာဗြဟံသည် ဘယ်သောအခါမျှ ယုံကြည်ခြင်းမ
ကုန်ခမ်းခဲ့ပါ။ သူသည် ယုံကြည်ခြင်း၌ ပို၍ခိုင်မြဲ
လာပြီး ဘုရားသခင်အား ချီးမွမ်း၏။ ၂၁ ဘုရားသခင်
သည် မိမိပြုခဲ့သော ကတိတော်အတိုင်း ပြုရန်
တတ်နိုင်တော်မူသည်ကို အာဗြဟံသည် အသေ
အချာသိ၏။ ၂၂ ထို့ကြောင့် "ဘုရားသခင်သည် အာ
ဗြဟံ၏ယုံကြည်ခြင်းကို လက်ခံတော်မူ၏။ ထိုယုံ
ကြည်ခြင်းက သူ့အား ဖြောင့်မတ်စေတော်မူ၏"။
၂၃ ("ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို
လက်ခံတော်မူသည်") ဟူသော စကားကို အာဗြဟံ
အတွက်သာ ရေးထားသည်မဟုတ်။ ၂၄ ထိုစကား
ကို ငါတို့အတွက်လည်း ရေးထားခြင်း ဖြစ်၏။ ငါတို့
သည်လည်း ယုံကြည်သောကြောင့် ဘုရားသခင်
သည် ငါတို့ကိုလည်း လက်ခံတော်မူလိမ့်မည်။
ငါတို့၏သခင်ဖြစ်တော်မူသော ယေရှုကို သေခြင်း
မှ ရှင်ပြန်ထမြောက်စေသောသူ *(ဘုရားသခင်)* ကို
ငါတို့ ယုံကြည်ပါ၏။ ၂၅ ငါတို့၏အပြစ်များအတွက်
အသေခံတော်မူရန် ယေရှုကို ပေးတော်မူ၏။ ငါတို့
သည် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်ခြင်းအခွင့်
ကို ရရှိစေရန် ယေရှုခရစ်သည် သေခြင်းမှရှင်ပြန်
ထမြောက်တော်မူ၏။

## ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်း

၅ ငါတို့သည် ယုံကြည်သောကြောင့် ဘုရားသခင်
ရှေ့တော်၌ ဖြောင့်မတ်ခြင်းကို ရရှိကြ၏။ ထို့
ကြောင့် သခင်ယေရှုခရစ်တော်အားဖြင့် ငါတို့သည်
ဘုရားသခင်ရှေ့တော်၌ငြိမ်သက်ခြင်းကို ရရှိခံစား
ကြ၏။ ၂ ငါတို့၏ယုံကြည်ခြင်းအားဖြင့် ခရစ်တော်

သည် ငါတို့ကိုဘုရားသခင်၏ကျေးဇူးတော် *(ကြင်နာ
ခြင်း)* ကောင်းချီးမင်္ဂလာထဲသို့ ပို့ဆောင်သောကြောင့်
ယခုတွင် ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ ငါ
တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ဝေမျှရန်
မျှော်လင့်နေသောကြောင့် ငါတို့သည် အလွန် ဝမ်း
မြောက်ကြ၏။ ၃ ထို့အပြင် ငါတို့သည် ဒုက္ခဆင်းရဲ
ခြင်းကို ခံရ၍ ဝမ်းမြောက်ကြ၏။ ငါတို့သည် ဒုက္ခ
ဆင်းရဲခြင်း၌ အဘယ်ကြောင့် ဝမ်းမြောက်ကြပါသ
နည်း။ ထိုဒုက္ခဆင်းရဲခြင်းတို့သည် ငါတို့၌ ပို၍
စိတ်ရှည်ခြင်း၊ သည်းခံခြင်းကိုဖြစ်စေသောကြောင့်
ဖြစ်၏။ ၄ စိတ်ရှည်ခြင်း၊ သည်းခံခြင်းတို့သည် ငါ
တို့ခွန်အားနှင့်ပြည့်နေသည်ကို သက်သေပြ၏။
ထိုသက်သေတို့သည် ငါတို့အား မျှော်လင့်ခြင်းကို
ဖြစ်စေ၏။ ၅ ထိုမျှော်လင့်ခြင်းသည် ငါတို့ကို ဘယ်
သောအခါမှ စိတ်ပျက်ခြင်းဖြစ်စေမည် မဟုတ်။
ဘယ်သောအခါမှ အားနည်း၍ ပျက်ပြယ်သွားမည်
မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်
သည် သူ၏ချစ်ခြင်း မေတ္တာကို ငါတို့၏နှလုံးသား
ထဲ၌ပြည့်စေရန် သွန်းလောင်းတော်မူသောကြောင့်
ဖြစ်၏။ ဘုရားသခင်သည် မိမိ၏ချစ်ခြင်းမေတ္တာကို
ငါတို့အားသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပေး
တော်မူ၏။ ထိုသန့်ရှင်းသောဝိညာဉ်တော်သည် ငါ
တို့အတွက် ဘုရားသခင်ထံတော်မှ လာသောလက်
ဆောင်ဖြစ်၏။

၆ ငါတို့သည် အားနည်း၍ ရှိနေစဉ် ခရစ်တော်
သည် ငါတို့အတွက် အသေခံတော်မူ၏။ ငါတို့
သည် ဘုရားသခင်ကို ဆန့်ကျင်ကာ အသက်ရှင်
ကြ၏။ သို့သော်လည်း ထိုအချိန်တွင်ပင် ခရစ်တော်
သည် ငါတို့အတွက် အသေခံတော်မူ၏။ ၇ လူတို့
တွင် အခြားသောလူတို့အတွက် အသေခံမည့်သူ
အလွန်နည်းပါးလှ၏။ ထိုသူသည် အလွန်ကောင်း
မြတ်သောသူအတွက်ဖြစ်လျှင် အသက်ကို စွန့်လို
သူ ရှိကောင်းရှိလိမ့်မည်။ ၈ သို့သော်လည်း ငါတို့
သည် အပြစ်၌ရှိနေကြစဉ်တွင်ပင် ခရစ်တော်သည်
ငါတို့အတွက် အသေခံတော်မူ၏။ ထိုသို့ဖြင့် ဘုရား
သခင်သည် ငါတို့ကို အလွန်ချစ်တော်မူကြောင်း
ထင်ရှားစွာ ဖော်ပြ၏။

၉ ခရစ်တော်၏ အသွေးတော်သွန်းခြင်း *(အသေ
ခံတော်မူခြင်း)* အားဖြင့် ငါတို့သည် ဘုရားသခင်
ရှေ့တော်၌ အပြစ်လွတ်ခြင်းအခွင့်ကိုရကြ၏။ ထို့
ကြောင့် ယေရှုခရစ်တော်အားဖြင့် ငါတို့ကို ဘုရား
သခင်၏အမျက်တော်မှ အမှန်စင်စစ် ကယ်တင်
တော်မူလိမ့်မည်။ ၁၀ ငါဆိုလိုသည်မှာ ငါတို့သည်
ဘုရားသခင်၏ရန်သူဖြစ်နေစဉ်တွင် ဘုရားသခင်
သည် မိမိ၏သားတော် အသေခံခြင်းအားဖြင့် ငါတို့
ကို မိတ်ဆွေဖြစ်စေတော်မူ၏။ ထို့ကြောင့် ယခုတွင်
ငါတို့သည် အမှန်စင်စစ် ဘုရားသခင်၏မိတ်ဆွေ
များဖြစ်ကြ၏။ ဘုရားသခင်သည် မိမိ၏သားတော်
အသက်အားဖြင့် ငါတို့ကို ကယ်တင်တော်မူလိမ့်
မည်။ ၁၁ ငါတို့ကို ကယ်တင်တော်မူမည့်အပြင်
ယခုတွင် ငါတို့သည် အလွန်ဝမ်းမြောက်ခြင်းရှိကြ
၏။ ယေရှုအားဖြင့်ယခုငါတို့သည် ဘုရားသခင်၏
မိတ်ဆွေများဖြစ်ကြ၏။ ထိုကြောင့် ငါတို့သည်ဘုရား
သခင်၌ ဝမ်းမြောက်ကြ၏။

**အာဒံနှင့် ခရစ်တော်**

၁၂ တစ်ယောက်သောသူ *(အာဒံ)* ကြောင့် အပြစ်
တရားသည် ဤလောကသို့ ဝင်လာ၏။ ထိုအပြစ်
တရားကြောင့် သေခြင်းတရားဝင်လာ၏။ ထို့ကြောင့်
လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေရ
ကြရ၏။ ၁၃ မောရှေပညတ် တရားမရှိမီ ဤလောက၌
အပြစ်တရားရှိ၏။ အကယ်၍ ပညတ်တရားမရှိခဲ့
လျှင် ဘုရားသခင်သည် လူတို့အား အပြစ်ရှိသည်
ဟု မှတ်မည်မဟုတ်။ ၁၄ သို့သော်လည်း အာဒံ
လက်ထက်မှစ၍ မောရှေလက်ထက်တိုင်အောင်
လူသားအပေါင်းတို့သည် သေရကြ၏။ အာဒံသည်
ဘုရားသခင် မိန့်တော်မူသောစကားကိုနားမထောင်
သောအားဖြင့် အပြစ်ပြု၍ သေလေ၏။ သို့သော် အာဒံ
ကဲ့သို့ မပြစ်မှားသောသူတို့လည်း သေရကြ၏။

အာဒံသည် အနာဂတ်တွင် ကြွလာမည့် ခရစ်
တော်၏ ပုံပမာဖြစ်၏။ ၁၅ သို့သော်လည်း ဘုရားသ
ခင်ပေးတော်မူသော အခမဲ့လက်ဆောင်မှာ အာဒံ
၏အပြစ်နှင့်မတူ။ ထို တစ်ယောက်သောသူ *(အာဒံ)*
၏အပြစ်ကြောင့်လူတို့သည်သေကြ၏။ သို့သော်လည်း
လူတို့သည် ဘုရားသခင်ထံမှ လက်ခံရရှိသော
ကျေးဇူးတော် *(ကြင်နာခြင်း)* သည် သာ၍ကြီးမား၏။
တစ်ယောက်သောသူ ယေရှုခရစ်တော်၏ကျေးဇူး
တော်အားဖြင့် မြောက်မြားစွာသောသူတို့သည်ဘုရား
သခင်၏လက်ဆောင်တည်းဟူသောထာဝရအသက်
ကို လက်ခံရရှိကြ၏။ ၁၆ အာဒံသည် တစ်ကြိမ်မျှ
ပြစ်မှားမိခဲ့သောကြောင့် သူသည် အပြစ်စီရင်ခြင်း
ကို ခံရ၏။ သို့သော်လည်း ဘုရားသခင်၏လက်
ဆောင်မှာ ထိုကဲ့သို့ မဟုတ်။ ဘုရားသခင်ပေး
သောအခမဲ့လက် ဆောင်မှာ အပြစ်ဒုစရိုက်များစွာ
ကျူးလွန်သော်လည်း လူတို့အား ဘုရားသခင် ရှေ့

တော်၌ အပြစ်လွှတ်ခြင်းအခွင့်ကို ရစေ၏။ ၁၇ တစ်
ယောက်သောသူသည် ပြစ်မှားသောကြောင့် သေ
ခြင်းတရားသည် လူအပေါင်းတို့ကို အစိုးရ၏။
သို့သော်လည်း ယခုလူအချို့သည် ဘုရားသခင်၏
ပြည့်စုံသော ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့် ကြီးမား
သောလက်ဆောင်ကို လက်ခံသောကြောင့် ဖြောင့်
မတ်ခြင်းသို့ ရောက်ကြ၏။ ထိုသူတို့သည် စစ်မှန်
သောအသက်ကို အသေအချာရရှိကြပြီးဖြစ်၍ ယေရှု
ခရစ်တော်၏ အုပ်စိုးခြင်းကို ခံယူလျက် အသက်
ရှင်ကြ၏။

၁၈ ထို့ကြောင့် တစ်ယောက်သောသူ *(အာဒံ)*
သည် ပြစ်မှားသောကြောင့် လူအပေါင်းတို့သည်
သေခြင်းတရား၏အပြစ်စီရင်ခြင်းကို ခံရကြ၏။ သို့
သော်လည်း ထိုနည်းတူ တစ်ယောက်သောသူ *(ခရစ်
တော်)*၏ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့
သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့
ရောက်ရကြ၏။ ထိုအရာသည် လူတို့အား စစ်မှန်
သောအသက်ကို ပေး၏။ ၁၉ တစ်ယောက်သောသူ
*(အာဒံ)*သည် ဘုရားသခင့် စကားကို နားမထောင်
သောကြောင့် လူများတို့သည် အပြစ်သားများဖြစ်
လာကြ၏။ သို့သော်လည်း ထိုနည်းတူ တစ်ယောက်
သောသူ *(ခရစ်တော်)*သည် ဘုရားသခင်၏စကား
ကို နားထောင်တော်မူခြင်းအားဖြင့် လူများတို့သည်
ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။ ၂၀ ပညတ်တရား
သည် လူတို့၏အပြစ်ကို ပို၍ပွားများစေ၏။ သို့သော်
လည်း လူတို့သည် ပို၍အပြစ်ပွားများကြသောအခါ
ဘုရားသခင်သည် မိမိ၏ကျေးဇူးတော် *(ကြင်နာခြင်း)*
ကို သူတို့အား ပို၍ကြွယ်ဝစွာပေးတော်မူ၏။ ၂၁ တစ်
ချိန်က အပြစ်တရားသည် သေခြင်းအားဖြင့် ငါတို့
ကို အုပ်စိုး၏။ သို့သော်လည်း ဘုရားသခင်သည်
လူတို့အား မိမိ၏ကျေးဇူးတော်ကို ပို၍ကြွယ်ဝစွာ
ပေး၏။ ထိုကျေးဇူးတော်သည် လူတို့အား အုပ်စိုး၍
ဖြောင့်မတ်စေတော်မူ၏။ ထိုကျေးဇူးတော်သည် ငါ
တို့၏သခင်ယေရှုခရစ်တော်အားဖြင့် ထာဝရအသက်
ကို ယူဆောင်လာ၏။

## အပြစ်၌သေ၍ ခရစ်တော်၌ အသက်ရှင်ခြင်း

၆ ထိုသို့ဆိုလျှင် ငါတို့သည် ဘုရားသခင်၏ပို၍
ကြွယ်ဝသောကျေးဇူးတရား *(ကြင်နာခြင်း)* ကို
ရရန် အပြစ်ကို ဆက်လက်၍ ပြုရမည်လား။ ၂ ထိုသို့
မပြုရ။ ငါတို့သည် အပြစ်နှင့်ပြည့်သောအသက်တာ
ဟောင်း၌ သေ *(စွန့်လွှတ်)*ရပါမည်။ ထို့ကြောင့် ငါ
တို့သည် အပြစ်တရား၌ မည်သို့ ဆက်လက်၍
အသက်ရှင်နိုင်မည်နည်း။ ၃ ငါတို့သည် ဗတ္တိဇံကို
ခံရသောအခါ ခရစ်တော်ယေရှုနှင့် တစ်ကိုယ်တည်း
ဖြစ်ကြသည်ကို သင်တို့ မေ့သလော။ ငါတို့သည်
ဗတ္တိဇံခံရာ၌ ခရစ်တော်နှင့်အတူ သေရကြ၏။ ၄ ထို့
ကြောင့် ငါတို့သည် ဗတ္တိဇံကို ခံရသောအခါ ခရစ်
တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံရကြ၏။ ခရစ်တော်
နှင့်အတူ သင်္ဂြိုဟ်ခံရသောကြောင့် ငါတို့သည်
ထမြောက်၍ အသစ်သောအသက်တာ၌ အသက်
ရှင်ရကြ၏။ ခရစ်တော်သည် ခမည်းတော်၏အံ့သြ
ဖွယ်သော တန်ခိုးတော်အားဖြင့် သေခြင်းမှ ရှင်ပြန်
ထမြောက်တော်မူသည်နည်းတူ ငါတို့၌ ဖြစ်၏။

၅ ခရစ်တော်သည် အသေခံတော်မူ၏။ ငါတို့
သည်လည်း ခရစ်တော်နှင့်အတူ သေကြ၏။ ထို့
ကြောင့် ခရစ်တော်သည် သေခြင်းမှ ရှင်ပြန်ထ
မြောက်တော်မူသည်နည်းတူ ငါတို့သည်လည်း သေ
ခြင်းမှ ထမြောက်ရကြမည်။ ၆ ငါတို့၏ အသက်တာ
ဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်
တိုင်ပေါ်တွင် အသေခံသည်ကို ငါတို့သိကြ၏။ ထို
သို့ဖြစ်ခြင်းသည် အပြစ်နှင့်ပြည့်သော ငါတို့၏အတ္တ
သဘော သည် ငါတို့အပေါ်၌ အုပ်စိုးသောတန်ခိုး
မရှိစေရန်ဖြစ်၏။ ထို့နောက် ငါတို့သည် အပြစ်တရား
၏ကျွန်ဖြစ်လိမ့်မည် မဟုတ်။ ၇ လူသည် သေလျှင်
အပြစ်တရား၏ထိန်းချုပ်မှု *(တန်ခိုး)* မှ လွတ်မြောက်
၏။

၈ ငါတို့သည် ခရစ်တော်နှင့်အတူ အသေခံ
လျှင် ခရစ်တော်နှင့် အသက်ရှင်ကြလိမ့်မည်ကို
ငါတို့ သိကြ၏။ ၉ ခရစ်တော်သည် သေခြင်းမှ ရှင်
ပြန်ထမြောက်တော်မူ၏။ သူသည် နောက်တစ်ဖန်
မသေနိုင်သည်ကို ငါတို့သိကြ၏။ ယခုတွင်
သေခြင်းသည် သူ့အပေါ်၌ တန်ခိုးအလျှင်း မရှိ
တော့ပါ။ ၁၀ မှန်ပါသည်။ ခရစ်တော်သည် အသေ
ခံတော်မူစဉ်တွင် အပြစ်တရား၏တန်ခိုးကို တစ်
ကြိမ် ချိုးဖျက်တော်မူ၍ ထိုအရာသည် အချိန်တိုင်း
အတွက် လုံလောက်လျက်ရှိ၏။ သူသည် ယခုတွင်
အသစ်သောအသက်ကို ရ၏။ သူ၏အသစ်သော
အသက်မှာ ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။
၁၁ ထိုနည်းတူ သင်သည် အပြစ်တရား၏တန်ခိုး၌
အသေဖြစ်ကြောင်းကို မိမိကိုယ်ကို သိမြင်ရမည်။
သင်သည် ခရစ်တော် ယေရှုအားဖြင့် ဘုရားသခင်
အတွက် အသက်ရှင်နေသည်ကို မိမိကိုယ်ကို သိ
မြင်ရမည်။

၁၂ ဤလောက၌ အပြစ်တရားသည် သင်တို့၏
အသက်တာကို မထိန်းချုပ်စေနှင့်။ အပြစ်နှင့်ပြည့်
ဝသော ကိုယ်ခန္ဓာတပ်မက်ခြင်းသည် သင်တို့ကို
မအုပ်စိုးစေနှင့်။ ၁၃ အပြစ်တရား၏အစေကို ခံရန်
သင်တို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းကို မဆက်သ
ပါနှင့်။ သင်တို့၏ ကိုယ်အင်္ဂါများကို ဆိုးသောအပြစ်
ဒုစရိုက်များကို ပြုရန် အသုံးမပြုပါနှင့်။ သင်တို့၏
ကိုယ်အင်္ဂါများကို ဘုရားသခင်အား ဆက်သကြ
ပါ။ အသေခံပြီးမှ ယခုအသက်ရှင်သော လူတို့ကဲ့သို့
အသက်ရှင်ကြပါ။ ကောင်းသောအမှုအရာများကို
ပြုရာတွင် အသုံးတော်ခံရန် သင်၏ကိုယ် အင်္ဂါများကို
ဘုရားသခင်အား ဆက်သကြပါ။ ၁၄ အပြစ် တရားကို
သင်တို့၏သခင်မဖြစ်ပါစေနှင့်။ အဘယ်ကြောင့်ဆို
သော် သင်တို့သည် ပညတ်တရား၏အောက်၌ မရှိ။
ယခုတွင် သင်သည် ဘုရားသခင်၏ကျေးဇူးတော်
*(ကြင်နာခြင်း)*အောက်၌ အသက်ရှင်နေပြီဖြစ်သော
ကြောင့်ဖြစ်၏။

**ဖြောင့်မတ်ခြင်း၏အစေခံကျွန်**

၁၅ ထို့ကြောင့် ငါတို့သည် အဘယ်သို့ပြုရမည်
နည်း။ ငါတို့သည် ပညတ်တရား၏ အောက်၌မနေ။
ကျေးဇူးတော်တရား *(ကြင်နာခြင်း)*အောက်၌ နေ
သောကြောင့် အပြစ်ဒုစရိုက်ကို ပြုရပါမည်လား။ ထို
သို့မပြုရပါ။ ၁၆ သင်တို့သည် တစ်စုံတစ်ယောက်
သောသူ၏ စကားကို နားထောင်ရန် အစေခံကျွန်
ကဲ့သို့အပ်နှံကြသောအခါ အမှန်စင်စစ် ထိုသူ၏
အစေခံကျွန်များဖြစ်ကြသည်ကို သင်တို့သည် အ
သေအချာသိကြ၏။ သင်တို့ နာခံရသူသည် သင်
တို့၏သခင်ဖြစ်၏။ သင်တို့သည် အပြစ်တရား နောက်
သို့လိုက်မည်လား။ သို့မဟုတ် ဘုရားသခင်၏စကား
ကိုနားထောင်ကြမည်လား။ အပြစ်တရားသည် ဝိညာဉ်
သေခြင်းကို ယူဆောင်လာ၏။ ၁၇ လွန်ခဲ့ပြီးသော
ကာလ၌ သင်တို့သည် အပြစ်တရား၏ကျေးကျွန်
ဖြစ်ကြ၍ အပြစ်တရားသည် သင်တို့ကို ထိန်းချုပ်
ခဲ့၏။ သို့သော်လည်း သင်တို့အား သွန်သင်သော
စကားကို အပြည့်အဝ နားထောင်ကြသောကြောင့်
ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ၁၈ သင်တို့သည် အပြစ်
တရားမှ လွတ်မြောက်ပြီးဖြစ်၏။ ယခုတွင် သင်တို့
သည် ကောင်းမြတ်ခြင်း*(ဖြောင့်မတ်စွာအသက်ရှင်
ခြင်း)*၏အစေခံကျွန်ဖြစ်ကြ၏။ ၁၉ ငါသည် လူတို့ သိ
နားလည်သော ဥပမာဖြင့် ထိုအရာကို ရှင်းလင်း
ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည်
သင်တို့အတွက် နားလည်ရန် ခက်ခဲ၏။ လွန်ခဲ့
ပြီးသောအချိန်၌ သင်တို့သည် သင်တို့၏ကိုယ်အင်္ဂါ
များကို အပြစ်တရား၏ကျေးကျွန်အဖြစ် ဒုစရိုက်
အပြစ်ကိုပြု၍ ဒုစရိုက်အပြစ်အတွက်သာ အသက်
ရှင်ခဲ့ကြ၏။ ထိုနည်းတူ ယခုတွင် သင်တို့သည်
မိမိကိုယ်ကို ကောင်းမြတ်ခြင်း၏ အစေခံကျွန်အ
ဖြစ်သို့ အပ်နှံဆက်သ၍ ဘုရားသခင်အတွက် အ
သက်ရှင်ကြရမည်။

၂၀ လွန်ခဲ့ပြီးသောအချိန်၌ သင်တို့သည် အပြစ်
တရား၏ ကျေးကျွန်ဖြစ်ခဲ့ကြ၍ ကောင်းမြတ်ခြင်း
*(ဖြောင့်မတ်စွာအသက်ရှင်ခြင်း)*သည် သင်တို့ကို
ထိန်းချုပ်ခြင်း မရှိခဲ့ပါ။ ၂၁ သင်တို့သည် ဆိုးသော
အပြစ်ဒုစရိုက်များကို ပြုခဲ့ကြ၏။ ယခုတွင်မူ သင်
တို့သည်ထိုသို့သောအရာများအတွက်ရှက်ကြောက်
ကြ၏။ ထိုအရာများသည် သင်တို့ကို အကျိုးပေးခဲ့
ပါသလား။ မပေးပါ။ ထိုအရာများတို့သည် ဝိညာဉ်
သေခြင်းကိုသာ ယူဆောင်ပေးသည်။ ၂၂ သို့သော်
လည်း ယခုတွင် သင်တို့သည် အပြစ်တရားမှ လွတ်
မြောက်ကြပြီးဖြစ်၏။ ယခုတွင် သင်တို့သည် ဘုရား
သခင်၏ အစေခံကျွန်များဖြစ်ကြ၏။ ထိုအရာသည်
သင်တို့အား ဘုရားသခင်နှင့်ဆိုင်သောအသက်ကို
ယူဆောင်ပေး၏။ ထို့နောက် သင်တို့သည် ထာဝရ
အသက်ကို ရရှိလိမ့်မည်။ ၂၃ အပြစ်ရှိသောသူသည်
သေခြင်းတည်းဟူသော အပြစ်တရား၏အခကို ရ၏။
သို့သော်လည်း ဘုရားသခင်သည် လူတို့အား ပေး
တော်မူသော အခမဲ့လက်ဆောင်မှာ ငါတို့၏သခင်
ယေရှုခရစ်အားဖြင့် ထာဝရအသက်ဖြစ်၏။

**ထိမ်းမြားလက်ထပ်ခြင်းမှ သာဓကတစ်ခု**

၇ ညီအစ်ကိုမောင်နှမများတို့ သင်တို့သည်
မောရှေ၏ပညတ်တရားကို သိကြ၏။ ထို့ကြောင့်
လူသည် အသက်ရှင်စဉ်၌သာ ပညတ်တရားသည်
ထိုသူကို အုပ်စိုးနေသည်။ ၂ ငါသည် သင်တို့အား
ဥပမာသာဓက တစ်ခုကိုပေးမည်။ လင်ရှိသောမိန်းမ
သည် မိမိ၏လင်ယောကျ်ား အသက်ရှင်နေသည်
ကာလပတ်လုံး မယားဝတ်ကို ပြုရမည်။ သို့သော်
လည်း သူမ၏ လင်ယောကျ်ား သေလျှင် သူမသည်
ထိမ်းမြားလက်ထပ်ခြင်း၏တရားမှ လွတ်မြောက်၏။
၃ သို့သော်လည်း ထိုမိန်းမသည် လင်ယောကျ်ား
အသက်ရှင်နေစဉ်တွင် အခြားသောယောကျ်ားနှင့်
ထိမ်းမြားလက်ထပ်ခြင်းပြုပါက သူမသည် အိမ်ထောင်
ရေးဖောက်ပြန်ခြင်းအပြစ်ကျူးလွန်သည်ဟု ပညတ်
တရား၌ ဆို၏။ သို့သော်လည်း ထိုမိန်းမ၏ လင်

ယောက်ျားသေလျှင် ထိုမိန်းမသည် ထိမ်းမြားလက်
ထပ်ခြင်းတရားမှ လွတ်၏။ ထို့ကြောင့် ထိုမိန်းမ
သည်လင်ယောက်ျားသေပြီးမှ အခြားသောယောက်ျား
နှင့်လက်ထပ်လျှင်သူမသည် အိမ်ထောင်ရေးဖောက်
ပြန်ခြင်းအပြစ်ကို ကျူး လွန်ရာ မရောက်ပါ။
၄ ညီအစ်ကိုမောင်နှမများတို့ ထိုနည်းတူ ခရစ်
တော်၏ကိုယ်ခန္ဓာအားဖြင့် သင်တို့၏လူဟောင်း
အတ္တသည်သေ၍သင်တို့သည် အပြစ်တရားမှ လွတ်
မြောက်ကြပြီးဖြစ်၏။ ယခုတွင် သင်တို့ကို တစ်စုံ
တစ်ယောက်သောသူသည် ပိုင်တော်မူ၏။ သင်တို့
သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော
သူ*(ခရစ်တော်)*သည် ပိုင်တော်မူ၏။ ငါတို့ကို ခရစ်
တော်ပိုင်တော်မူသည်ဖြစ်၍ ငါတို့သည် ဘုရားသ
ခင်၏အစေကိုခံရာတွင် အသုံးတော်ခံကြရပါမည်။
၅ လွန်ခဲ့ပြီးသောအချိန်တွင် ငါတို့ကို အပြစ်နှင့်
ပြည့်ဝသော အတ္တသဘောက အုပ်စိုးခဲ့၏။ ပညတ်
တရားသည် ငါတို့အား အပြစ်ဒုစရိုက်ပြုလိုသော
ဆန္ဒကို ဖြစ်စေ၏။ ငါတို့ပြုလိုသော ထိုအပြစ်ဒုစ
ရိုက်များသည် ငါတို့၏ ကိုယ်အင်္ဂါများကို ထိန်းချုပ်
ခဲ့၏။ သို့ဖြစ်၍ ငါတို့ပြုခဲ့သောအရာများတို့သည်
ငါတို့အား ဝိညာဉ်သေခြင်းကိုသာ ယူဆောင်ပေး
ခဲ့၏။ ၆ လွန်ခဲ့ပြီးသောအချိန်တွင် ပညတ်တရား
သည် ငါတို့ကို အကျဉ်းသားများကဲ့သို့ ချည်နှောင်
ခဲ့၏။ သို့သော်လည်း ငါတို့၏လူဟောင်း*(အတ္တ)*
သည်သေ၍ ပညတ်တရားမှ ငါတို့ကို လွတ်မြောက်
စေခဲ့၏။ ထို့ကြောင့် ယခုတွင် ငါတို့သည် အသစ်
သောနည်းလမ်းအားဖြင့် ဘုရားသခင်၏အစေကို
ခံကြ၏။ ပညတ်တော်၌ ရေးထားသော လမ်းဟောင်း
နည်းအတိုင်းမဟုတ်ပါ။ ယခုတွင် ငါတို့သည်
အသစ်သောနည်းလမ်းအားဖြင့် ဝိညာဉ်တော်နှင့်
အတူ ဘုရားသခင်၏ အစေကို ခံကြ၏။

## အပြစ်ကို ဆန့်ကျင်တိုက်လှန်ခြင်း

၇ အပြစ်တရားနှင့် ပညတ်တရားတို့သည် အတူ
တူဖြစ်သည်ဟု သင်ထင်နေပေမည်။ ထိုသို့မဟုတ်
ပါ။ သို့သော်လည်း အပြစ်သဘောသတ်မှတ်ချက်
ကို ပညတ်တရားအားဖြင့် သိနိုင်၏။ လိုချင်တပ်
မက်ခြင်းသည် အဘယ်သို့သောအရာဖြစ်သည်ကို
ငါသည် တစ်ကြိမ်တစ်ခါမျှ မသိခဲ့ဘူးပါ။ သို့သော်
လည်း"အခြားသောသူတို့ပိုင်သော ပစ္စည်းများကို
သင်တို့သည်လိုချင်တပ်မက်စိတ်မရှိရ"ဟု ပညတ်
တရား၌ ဆိုထား၏။ ၈ အပြစ်တရားသည် ပညတ်
တော်ကို သုံး၍ မှားယွင်းသောအမှုအလုံးစုံ ပြုလို
သော ဆန္ဒကို ဖြစ်စေ၏။ ထို့ကြောင့် အပြစ်တရား
သည် ပညတ်တရားကြောင့် ငါ၌ရောက်လာ၏။ သို့
သော်လည်း ပညတ်တရားမပါလျှင် အပြစ်တရား၌
တန်ခိုး အလျှင်းမရှိပါ။ ၉ ငါသည် ပညတ်တရားကို
မသိမီ ပညတ်တရားမပါဘဲ အသက်ရှင်ခဲ့၏။ သို့
သော်လည်း ပညတ်တရား၏ပညတ်ချက်သည် ငါ၌
ရောက်လာသောအခါ အပြစ်တရားသည် အသက်
ရှင်လေ၏။ ၁၀ ငါသည် အပြစ်တရားကြောင့် ဝိညာဉ်
ပိုင်း၌ အသေဖြစ်ခဲ့၏။ ပညတ်တရားသည် အသက်
ရှင်ခြင်းနှင့် ဆိုင်၏။ သို့သော်လည်း ထိုပညတ်
တရားသည် သင်တို့အတွက် သေခြင်းတရားကို
ယူဆောင်ပေး၏။ ၁၁ အပြစ်တရားသည် ပညတ်တ
ရားကို အသုံးပြုခြင်းအားဖြင့် လှည့်စား၍ ငါ့ကို သေ
စေ၏။
၁၂ ပညတ်တရားသည် သန့်ရှင်းပါ၏။ ပညတ်
တော်သည် သန့်ရှင်း၊ ဖြောင့်မတ်၊ ကောင်းမြတ်၏။
၁၃ သို့ဖြစ်လျှင် ကောင်းသောအရာတစ်ခုသည် ငါ၌
သေခြင်းအကြောင်းဖြစ်စေပါသလား။ထိုသို့မဟုတ်
ပါ။ သို့သော်လည်း အပြစ်တရားသည် ကောင်း
သောအရာတစ်ခုကို အသုံးပြု၍ ငါ၌သေခြင်း ဖြစ်
စေ၏။ ထိုအရာက အပြစ်တရားသည် အဘယ်သို့
သောအရာနှင့်တူကြောင်းကို ငါ့အား သိမြင်စေ၏။
ထို့အပြင် အပြစ်တရားသည် အလွန်ဆိုးသောအရာ
တစ်ခုဖြစ် သည်ကို ထင်ရှားစွာဖော်ပြ၏။ ထိုအရာ
ကို ထင်ရှားစွာဖော်ပြရန် ပညတ်တရားကို အသုံးပြု
ရ၏။

## လူထဲ၌ရှိသော ပဋိပက္ခ

၁၄ ဘုရားသခင်၏ပညတ်တရားသည် ဝိညာဉ်
သဘောရှိသည်ကို ငါတို့သိကြ၏။ သို့သော်လည်း
ငါသည် ဝိညာဉ်သဘောမရှိ။ အပြစ်တရားသည် ငါ့
ကို ကျွန်ပြု၍ အုပ်စိုး၏။ ၁၅ ငါပြုသောအမှုတို့ကို
ငါသည်နားလည်နိုင်ခြင်းမရှိ။ ငါပြုလိုသည့်ကောင်း
သောအရာတို့ကို ငါသည်ပြုလေ့မရှိ။ မုန်းတီးသည့်
မကောင်းသောအရာတို့ကို ပြုမိလေ့ရှိ၏။ ၁၆ သို့ဖြစ်
၍ပြုမိသော မကောင်းသောအရာတို့ကို မုန်းတီးခြင်း
က ပညတ်တရားသည် အလွန်ကောင်းသည်ဟု ငါ
လက်ခံကြောင်းကို ပြ၏။ ၁၇ သို့သော်လည်း ထို
မကောင်းသောအရာတို့ကို အမှန်စင်စစ်ပြုနေသော
သူသည် ငါမဟုတ်ပါ။ ထိုအရာများကိုပြုသောအရာမှာ
ငါ၏အထဲ၌ ရှိသော အပြစ်တရားဖြစ်၏။ ၁၈ မှန်ပါ
သည်။ ငါ၏အထဲ၌ကောင်းသောအရာ တစ်စုံတစ်ခု
မျှမရှိသည်ကို ငါသိ၏။ ထိုသို့ငါဆိုရာ၌ ဝိညာဉ်

သဘောမဟုတ်သောအရာများကို ဆိုလိုခြင်းဖြစ်၏။
ငါသည် ကောင်းသောအရာတို့ကို ပြုလိုပါ၏။ သို့
သော်လည်း ထိုအရာတို့ကို ငါမပြုမိ။ ၁၉ ငါပြုလို
သည့် ကောင်းသောအရာတို့ကို ငါမပြု။ ငါမပြုလို
သည့်မကောင်းသောအရာတို့ကို ငါပြုမိ၏။ ၂၀ အကယ်
၍ ငါမပြုလိုသောအရာတို့ကို ငါသည်ပြုလျှင် ထို
အရာတို့ကိုပြုသောသူသည် အမှန်စင်စစ် ငါမဟုတ်။
ထိုမကောင်းသောအရာတို့ကို ပြုစေသော ငါ့အထဲ
၌ရှိ သည့် အပြစ်တရားဖြစ်၏။
၂၁ ထို့ကြောင့် ဤသဘောတရားကို ငါတွေ့၏။
ငါသည် ကောင်းသောအရာတို့ကို ပြုလို သောအခါ
ဆိုးသောအရာကို ပြုစေသောအရာသည် ငါ၏အထဲ
၌ရှိနေသည်ကို ငါတွေ့၏။ ၂၂ ငါသည် စိတ်နှလုံး
အားဖြင့် ဘုရားသခင်၏ပညတ်တရားတော်၌အား
ရဝမ်းမြောက်လျက်ရှိ၏။ ၂၃ သို့သော်လည်း ငါ၏
ကိုယ်အင်္ဂါအထဲ၌ အလုပ်လုပ်နေသော အခြားသော
တရားတစ်ပါးကို ငါတွေ့မြင်၏။ ထိုတရားသည် ငါ
စိတ်နှလုံးထဲ၌ လက်ခံထားသောတရားကို ရန်ငြိုး
ဖွဲ့၍ ဆန့်ကျင်ကာ ဆိုင်ပြိုင်တိုက်လှန်လျက်ရှိ၏။
ငါ၏ကိုယ်အင်္ဂါအထဲ၌ အလုပ်လုပ်နေသော အခြား
တရားတစ် ပါးသည် အပြစ်တရားဖြစ်၏။ ထိုအပြစ်
တရားသည် ငါ့အား ဖမ်း၍ချုပ်ထား၏။ ၂၄ ထိုတရား
သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏။ ငါ့အား
သေခြင်းသို့ ပို့ဆောင်သော ဤကိုယ်ခန္ဓာမှ အဘယ်
သူသည် ငါ့ကို ကယ်တင်လိမ့်မည်နည်း။ ၂၅ ဘုရား
သခင်သည် ငါ့ကို ကယ်တင်တော်မူလိမ့်မည်။ ငါ
တို့၏ သခင်ယေရှုခရစ်တော်အားဖြင့် ကယ်တင်
တော်မူခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်
ပါ၏။

ထို့ကြောင့် ငါ၏စိတ်နှလုံး(*ဝိညာဉ်*)ထဲတွင် ငါ
သည် ဘုရားသခင်၏ ပညတ်တရား၌ အစေခံ
သောကျွန်ဖြစ်၏။ သို့သော်လည်း ငါသည် အပြစ်
ဒုစရိုက်နှင့်ပြည့်ဝသော ဇာတိပကတိသဘောအား
ဖြင့် အပြစ်တရား၏ ကျေးကျွန်ဖြစ်၏။

## ဝိညာဉ်တော်၌အသက်ရှင်ခြင်း

၈ ထို့ကြောင့် ယခုတွင် ခရစ်တော်ယေရှု၌ရှိသော
သူတို့သည် အပြစ်စီရင်ခြင်းကို မခံရကြ။ ၂ အ
ဘယ်ကြောင့်ဆိုသော် ငါတို့သည် ခရစ်တော်ယေရှု
၌ တည်သောကြောင့် အသက်ရှင်စေသောဝိညာဉ်
တော်တရားသည် ငါတို့ကို လွတ်မြောက်စေတော်
မူ၏။ ထိုတရားသည် ငါတို့ကို အပြစ်တရားနှင့် သေ
ခြင်းတရားမှလည်း လွတ်မြောက်စေ၏။ ၃ ပညတ်
တရားသည် တန်ခိုးကင်းမဲ့၏။ အဘယ်ကြောင့်ဆို
သော် ပညတ်တရားသည် အပြစ်ဒုစရိုက်နှင့်ပြည့်
ဝသော ငါတို့၏ ဇာတိပကတိကြောင့် အားနည်း
လျက်ရှိ၏။ သို့သော်လည်း ပညတ်တရားမပြုနိုင်
သောအရာကို ဘုရားသခင်သည် ပြုတော်မူ၏။ လူ
တို့သည် အပြစ်တရား၌ ကျင်လည်နေကြ၍ ဘုရား
သခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်
ရင်းအား လူသားတို့၏ ပုံသဏ္ဌာန်ကို ဆောင်စေ
လျက် ဤလောကသို့ စေလွှတ်တော်မူ၏။ ဘုရား
သခင်သည် မိမိသားတော်ရင်းကို အပြစ်တရားအ
တွက် ပေးဆပ်စရာ ယဇ်ကောင်အဖြစ် စေလွှတ်
တော်မူခဲ့၏။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်
တရားကို စီရင်ချက်ချရန်(*ပျက်စီးစေရန်*)လူသား
တစ်ယောက်၏ အသက်တာပုံသဏ္ဌာန်ကို အသုံး
ပြုတော်မူ၏။ ၄ ဘုရားသခင်သည် ထိုသို့ပြုတော်
မူခဲ့ရခြင်းမှာ ပညတ်တရား၏ တောင်းဆိုချက်အ
တိုင်း ငါတို့အား ဖြောင့်မတ်ခြင်းသို့ ရောက်စေရန်
ဖြစ်၏။ ယခုတွင် ငါတို့သည် အပြစ်ဒုစရိုက်နှင့်
ပြည့်ဝနေသော ဇာတိပကတိနောက်သို့ လိုက်၍
အသက်မရှင်။ ဝိညာဉ်တော်၏အလိုသို့ လိုက်၍
အသက်ရှင်ကြ၏။
၅ မိမိတို့၏အပြစ်ဒုစရိုက်များနှင့် ပြည့်နေသော
ဇာတိပကတိသို့ လိုက်သောသူတို့သည် ထိုဇာတိ
ပကတိ၏အလိုကိုစွဲလန်း၍အသက်ရှင်ကြ၏။ ဝိညာဉ်
တော်၏အလိုသို့လိုက်၍ အသက်ရှင်သောသူတို့သည်
သူတို့အား ဝိညာဉ်တော်ပြုစေလိုသောအရာများကို
သာ စိတ်စွဲလန်း၍ အသက်ရှင်ကြ၏။ ၆ အကယ်၍
လူတစ်ယောက်စိတ်ကို သူ၏ဇာတိပကတိတပ်မက်
ခြင်းအားဖြင့် ထိန်းချုပ်နေလျှင် သူသည်ဝိညာဉ်ပိုင်း
၌ အသေဖြစ်၏။ သို့သော်လည်း လူတစ်ယောက်၏
ကိုဝိညာဉ်တော်က ထိန်းချုပ်လျှင် ထိုသူ၌ အသက်
ရှင်ခြင်း၊ ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။ ၇ ထိုအရာ
သည် အဘယ်ကြောင့်မှန်ကန်သနည်းဟုဆိုသော်
လူတစ်ယောက်၏စိတ်ကို အပြစ်ဒုစရိုက်နှင့်ပြည့်ဝ
သောသူ၏ဇာတိပကတိတပ်မက်ခြင်းအားဖြင့် ထိန်း
ချုပ်ထားလျှင် ထိုသူသည် ဘုရားသခင်အား ဆန့်
ကျင်လေ၏။ ထိုသူသည် ဘုရားသခင်၏ပညတ်
တော်ကို နားထောင်ရန် ငြင်းဆန်လေ၏။ ထိုသူ
သည်ဘုရားသခင်၏ပညတ်တော်ကိုအမှန်တကယ်
နားထောင်ရန် တတ်နိုင်ခြင်း မရှိပါ။ ၈ ထိုသူတို့
သည် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။

၉ သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်
သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင် သင်တို့
သည် သင်တို့၏ ဇာတိပကတိတပ်မက်ခြင်းအား
ဖြင့် အုပ်စိုးစေသည် မဟုတ်။ သင်တို့ကို ဝိညာဉ်
တော်က အုပ်စိုးတော်မူ၏။ သို့သော်လည်း လူ
တစ်ယောက်သည် ခရစ်တော်၏ဝိညာဉ်တော်ကို မရ
ရှိလျှင် ထိုသူသည် ခရစ်တော် နှင့်မဆိုင်။ ၁၀ သင်
တို့၏ကိုယ်ကာယသည် အပြစ်ကြောင့် အစဉ်အမြဲ
အသေဖြစ်ရလိမ့်မည်။ သို့သော်လည်း ခရစ်တော်
သည် သင်တို့၏အထဲ၌ ကိန်းဝပ်တော်မူလျှင် ခရစ်
တော်သည် သင်တို့ကို ဘုရားသခင်၏ရှေ့တော်၌
ဖြောင့်မတ်ခြင်းကို ရရှိစေသောကြောင့် ဝိညာဉ်တော်
သည် သင်တို့အား အသက်ကို ပေးတော်မူ၏။ ၁၁ ဘု
ရားသခင်သည် ယေရှုကို သေခြင်းမှ ရှင်ပြန်ထ
မြောက် စေတော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်၏
ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူ
လျှင် သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာကိုပင်
အသက်ရှင်စေတော်မူလိမ့်မည်။ ဘုရားသခင်သည်
ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၏။
သို့ဖြစ်၍ ဘုရားသခင်သည် သင်တို့အထဲ၌ ကိန်း
ဝပ်တော်မူသော မိမိ၏ဝိညာဉ်တော်အားဖြင့် သင်
တို့၏ ကိုယ်ကာယကိုလည်း အသက်ရှင်စေတော်
မူလိမ့်မည်။

၁၂ ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမများတို့
ငါတို့သည် အပြစ်ဒုစရိုက်များနှင့် ပြည့်သော ငါ
တို့၏ ဇာတိပကတိတပ်မက်ခြင်း၏ အုပ်စိုးခြင်းကို
မခံသင့်။ ငါတို့သည် ဇာတိပကတိတပ်မက်ခြင်း
၏အလိုသို့လိုက်၍ အသက်မရှင်သင့်။ ၁၃ အကယ်
၍ သင်တို့သည် အပြစ်ဒုစရိုက်နှင့်ပြည့်သော သင်
တို့၏ ဇာတိပကတိအလိုအတိုင်း မှားယွင်းစွာ
အသက်ရှင်လျှင် သင်တို့သည် ဝိညာဉ်ပိုင်း၌ သေ
ရလိမ့်မည်။ သို့ရာတွင် သင်တို့သည် ဝိညာဉ်တော်
၏ကူညီမစခြင်းအားဖြင့် သင်တို့၏ကိုယ်ကာယ၌
ကျင့်သော မှားယွင်းသည့်အရာ များတို့ကို ရပ်တန့်
ပြီး စွန့်လွှတ်ကြလျှင် သင်တို့သည် စစ်မှန်သောအ
သက်ကို ရရှိကြလိမ့်မည်။

၁၄ ဘုရားသခင်၏စစ်မှန်သောသားသမီးတို့သည်
ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်ခြင်း၊ လမ်း
ပြပို့ဆောင်ခြင်းကို ခံသောသူများဖြစ်ကြ၏။ ငါတို့
ရရှိသောဝိညာဉ်တော်သည် ငါတို့အား တစ်ဖန်အပြစ်
တရား၏ ကျေးကျွန်ဖြစ်စေ၍ ကြောက်ရွံ့စေသော
ဝိညာဉ် မဟုတ်ပါ။ ၁၅ ငါတို့ကို ဘုရားသခင်ရွေး
ကောက်သော သားသမီးများဖြစ်စေသည့် ဝိညာဉ်
တော် ဖြစ်၏။ ငါတို့သည် ထိုဝိညာဉ်တော်အားဖြင့်
"အဗ္ဗ၊ အဖ" ဟု ခေါ်ရသောအခွင့်ကို ရကြ၏။ ၁၆ ထို
ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ ငါတို့
သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည်ဟု
သက်သေခံတော်မူ၏။ ၁၇ အကယ်၍ ငါတို့သည်
ဘုရားသခင်၏သားသမီးများဖြစ်ကြလျှင် ဘုရားသ
ခင်သည် မိမိ၏လူတို့အတွက် ထားသောကောင်းချီး
မင်္ဂလာများကို ငါတို့သည် ရရှိကြမည်။ ငါတို့သည်
ထိုအရာများတို့ကို ဘုရားသခင်ထံတော်မှ လက်ခံ
ရရှိကြ၏။ ငါတို့သည် ထိုကောင်းချီးမင်္ဂလာများကို
ခရစ်တော်နှင့်အတူ ခံရကြလိမ့်မည်။ သို့သော်လည်း
ငါတို့သည် ခရစ်တော်ခံရသော ဒုက္ခဆင်းရဲခြင်း
ကိုလည်း ခံရကြလိမ့်မည်။ ထို့နောက် ငါတို့သည်
ခရစ်တော်၌ ရှိသော ဘုန်းအသရေကို ခံရကြလိမ့်
မည်။

## အနာဂတ်တွင် ရရှိမည့် ဘုန်းအသရေ

၁၈ ငါတို့အား ပေးအပ်မည့် ကြီးမားသော ဘုန်း
အသရေနှင့် နှိုင်းယှဉ်လျှင် ငါတို့သည် ယခု ခံရ
သော ဒုက္ခဆင်းရဲခြင်းသည် မပြောပလောက်ပါ။
၁၉ ဘုရားသခင်က မိမိ၏သားသမီးများကို လောကီ
သားတို့အား ထင်ရှားစွာ ဖော်ပြတော်မူမည့် နေ့ရက်
အချိန်ကို ဘုရားသခင်ဖန်ဆင်းတော်မူသမျှသော
အရာခပ်သိမ်းတို့သည် စိတ်လှုပ်ရှားစွာဖြင့် အလွန်
တောင့်တလျက် စောင့်မျှော်နေကြ၏။ ဤလောက
ကြီးသည် ထိုသို့ဖြစ်ပေါ်ထင်ရှားလာရန် အလွန်လို
ချင်တောင့်တလျက်ရှိ၏။ ၂၀ ဘုရားသခင်ဖန်ဆင်း
တော်မူသမျှသောအရာခပ်သိမ်းတို့သည် ဘာမျှ
မတည်မြဲဘဲ ပြောင်းလဲသွားကြမည်။ ထိုအရာတို့
သည် ထိုသို့ပြောင်းလဲရန် အလိုမရှိကြ။ သို့သော်
လည်း ဘုရားသခင်သည် ထိုအရာတို့ကို ပြောင်းလဲ
ရန် ဆုံးဖြတ်၍ ခွဲခန့်ထားတော်မူပြီးဖြစ်၏။ ၂၁ သို့ရာ
၂၁ ဘုရားသခင် ဖန်ဆင်းတော်မူသော အရာခပ်သိမ်း
တို့သည် ပျက်စီးယိုယွင်းခြင်း (*ပုပ်သိုးဆွေးမြေ့ခြင်း*)
မှ လွတ်မြောက်ရန်နှင့် ဘုရားသခင်ဖန်ဆင်း
တော်မူသော အရာရှိသမျှတို့သည် လွတ်လပ်ခြင်း
နှင့် ဘုန်းအသရေကို ဘုရားသခင်၏သားသမီးများ
နည်းတူ ပိုင်ဆိုင်ရန် မျှော်လင့်စရာရှိ၏။

၂၂ ဘုရားသခင် ဖန်ဆင်းတော်မူသောအရာခပ်
သိမ်းတို့သည် မီးဖွားလုနီးဖြစ်နေသော မိန်းမကဲ့သို့
ဝေဒနာကို ခံစားလျက် ယခုတိုင်အောင်စောင့်နေ
ကြ၏။ ၂၃ လောကီသားတို့ချည်းသာမဟုတ်ဘဲ ငါ

တို့သည်လည်း ငါတို့၏စိတ်ထဲ၌ ဝေဒနာကို
ခံစားလျက်စောင့်နေကြ၏။ ငါတို့သည်ဘုရားသခင်
၏ ကတိတော်အစအဦးဖြစ်သော ဝိညာဉ်တော်ကို
ခံရကြ၏။ ထို့ကြောင့် ဘုရားသခင်သည် ငါတို့အား
မိမိ၏သားသမီးအရင်းအဖြစ် ချီးမြှောက်ခြင်းအမှု
ပြီးစီးမည့်အရာကို စောင့်မျှော်လျက်နေကြ၏။ ထို
သို့ဆိုရာ၌ ငါတို့၏ကိုယ်ခန္ဓာလွတ်မြောက်ခြင်း
အကြောင်းကို စောင့်မျှော်လျက်ရှိနေကြသည်ကို
ငါဆိုလို၏။ ၂၄ ငါတို့သည် ကယ်တင်တော်မူခြင်းသို့
ရောက်ရှိပြီးဖြစ်၏။ ထို့ကြောင့် ငါတို့၌ ထိုမျှော်လင့်
ခြင်းရှိ၏။ အကယ်၍ ငါတို့စောင့်နေသောအရာကို
မြင်ရလျှင် ၎င်းသည် မျှော်လင့်ခြင်းအစစ် မဟုတ်။
လူတို့သည် သူတို့၌ရှိပြီးသောအရာများအပေါ်၌
မျှော်လင့်ခြင်းကို မထားကြပါ။ ၂၅ သို့သော်လည်း
ငါတို့၌မရှိသေးသော တစ်စုံတစ်ရာ အတွက် ငါတို့
သည် မျှော်လင့်လျက်နေကြ၏။ ငါတို့သည် ထိုအ
ရာအတွက် စိတ်ရှည်စွာဖြင့် စောင့်လျက်နေကြ၏။
၂၆ ထို့အပြင် ဝိညာဉ်တော်သည် ငါတို့ကို ကူညီ
မစတော်မူ၏။ ငါတို့သည် အလွန်အားနည်းလျက်
ရှိကြ၏။ သို့သော်လည်း ငါတို့၏အားနည်းခြင်းအရာ
ကို ဝိညာဉ်တော်သည် ကူညီမစလျက်ရှိ၏။ ဝိညာဉ်
တော်သည် ငါတို့အတွက် ဘုရားသခင်ထံ တောင်း
လျှောက်တော်မူ၏။ နှုတ်အားဖြင့် မမြွက်ဆိုနိုင်သော
နက်နဲသည့်ခံစားမှုများအတွက် ဝိညာဉ်တော်သည်
ဘုရားသခင်အား ကြားပြောတော်မူ၏။ ၂၇ လူတို့၏
စိတ်နှလုံးထဲ၌ ဘယ်အရာရှိသည်ကို ဘုရားသခင်
သည် သိမြင်တော်မူ၏။ ဘုရားသခင်သည် ဝိညာဉ်
တော်၏စိတ်သဘော အဘယ်သို့ရှိသည်ကိုသိတော်
မူ၏။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်သည်
ဘုရားသခင်အလိုရှိတော်မူသည်အတိုင်း မိမိ၏လူ
တို့အတွက် ဘုရားသခင်ကို စကားပြောတော်မူ၏။
၂၈ ဘုရားသခင်သည် သူ့ကိုချစ်သော လူတို့
အတွက် ခပ်သိမ်းသောအရာတို့အပေါ်၌ ကောင်း
သောအရာကိုသာ ပြုတော်မူသည်ကို ငါတို့သိကြ
၏။ ထိုလူတို့မှာ ဘုရားသခင်ခေါ်တော်မူသော (ရွေး
ချယ်သော) သူများဖြစ်ကြ၏။ အဘယ်ကြောင့်ဆို
သော် ထိုအမှုအရာသည် သူ၏အကြံအစည်တော်
ဖြစ်၏။ ၂၉ ဘုရားသခင်သည် ကမ္ဘာကို မဖန်ဆင်းမီ
ထိုသူတို့ကို သိတော်မူ၏။ ထိုသူတို့သည် မိမိ၏
သားတော် (ယေရှု) နှင့် တူညီနေကြမည်ကို ဘုရား
သခင်သည် ခွဲခန့်သတ်မှတ်တော်မူ၏။ ထို့နောက်
ယေရှုသည် များစွာသောညီအစ်ကိုမောင်နှမများတို့
အထဲမှ ပထမဦးဆုံးမွေးသော သားဦးဖြစ်မည်ကို
လည်း သိတော်မူ၏။ ၃၀ ထိုလူတို့သည် သူ၏ သား
တော်နှင့်တူညီကြမည့်အကြောင်းဘုရားသခင်သည်
အကြံအစည်ရှိတော်မူ၏။ ထိုသို့ဖြင့် ဘုရားသခင်
သည်ထိုသူတို့ကိုခေါ် (ရွေးချယ်) တော်မူ၏။ ဘုရား
သခင်သည် ထိုသူတို့ကို ခေါ်တော်မူ၍ မိမိရှေ့
တော်၌ ဖြောင့်မတ်စေတော်မူ၏။ ထိုသို့ ဖြောင့်
မတ်စေတော်မူသော သူတို့အား မိမိ၏ဘုန်းအသ
ရေကို ပေးတော်မူ၏။

**ဘုရားသခင်၏ချစ်ခြင်းမေတ္တာ**

၃၁ ငါတို့သည် ဤအကြောင်းကို အဘယ်သို့
ပြောမည်နည်း။ ဘုရားသခင်သည် ငါတို့နှင့်အတူ
ရှိတော်မူလျှင် မည်သူကမျှ ငါတို့ကို တွန်းလှန်နိုင်
မည်မဟုတ်။ ၃၂ ဘုရားသခင်သည် ငါတို့အတွက်
မည်သည့်အရာကိုမဆို ပေးတော်မူလိမ့်မည်။ မိမိ
၏သားတော်ရင်းကိုပင် ငါတို့အတွက်ကြောင့် ဆင်းရဲ
ဒုက္ခကိုခံစေသော ဘုရားသခင်သည် ယေရှုနှင့်
အတူ ခပ်သိမ်းသောအရာတို့ကို ငါတို့အား ပေး
တော်မူလိမ့်မည်။ ၃၃ ဘုရားသခင် ရွေးကောက်
တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်
နိုင်မည်နည်း။ တစ်ယောက်မျှ အပြစ်မတင်နိုင်။
ထိုသူကိုဖြောင့်မတ်စေတော်မူသောသူသည်ဘုရား
သခင်ဖြစ်၏။ ၃၄ ဘုရားသခင်၏လူတို့သည် အပြစ်ရှိ
သည်ဟု အဘယ်သူသည် ပြောဆိုနိုင်ပါမည်နည်း။
တစ်ဦးတစ်ယောက်မျှ မပြောနိုင်။ ခရစ်တော်ယေရှု
သည် ငါတို့အတွက်ကြောင့် အသေခံတော်မူ၏။
သို့သော်လည်း ထိုအရာသည် အကုန်အစင် မဟုတ်
သေးပါ။ ခရစ်တော်သည် သေခြင်းမှလည်း ရှင်ပြန်
ထမြောက်တော်မူ၏။ ယခုတွင် ခရစ်တော်သည်
ဘုရားသခင်၏ လက်ျာဘက်၌ ထိုင်နေတော်မူ၍
ငါတို့အတွက် ဘုရားသခင်ထံ ဆုတောင်းနေတော်
မူ၏။ ၃၅ ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို
ကွာစေနိုင်သောအရာ ရှိပါမည်လော။ လုံးဝမရှိနိုင်
ပါ။ ဒုက္ခဆင်းရဲခံရခြင်းသည် ငါတို့အား ခရစ်တော်
၏ ချစ်ခြင်းမေတ္တာနှင့်ကွာစေနိုင်မည်လော။ မကွာ
စေနိုင်ပါ။ အခက်အခဲပြဿနာများသို့မဟုတ် ညှဉ်း
ဆဲနှိပ်စက်ခြင်းများသည် ငါတို့အား ခရစ်တော်၏
ချစ်ခြင်းမေတ္တာနှင့်ကွာစေနိုင်မည်လော။ မကွာစေ
နိုင်ပါ။ အကယ်၍ ငါတို့၌စားရန် အစားအစာ သို့မ
ဟုတ် ဝတ်ရန် အထည်များမရှိပါကလည်း ထိုအရာ
တို့သည် ငါတို့အား ခရစ်တော်၏ ချစ်ခြင်းမေတ္တာ
မှ ကွာစေနိုင်မည်လော။ မကွာစေနိုင်ပါ။ ဘေး

အန္တရာယ်နှင့် တွေ့ကြုံခြင်း သို့မဟုတ် ကွပ်မျက်
ခြင်းသေခြင်းသည် ငါတို့အား ခရစ်တော်၏ချစ်ခြင်း
မေတ္တာမှ ကွာစေနိုင်မည်လော။ မကွာစေနိုင်ပါ။
၃၆ ကျမ်းစာ၌

"ကိုယ်တော် *(ခရစ်တော်)*အတွက်
ကျွန်ုပ်တို့သည် အစဉ်မပြတ်
အသေသတ်ခြင်းကို ခံရကြပါ၏၊
လူတို့သည် ကျွန်ုပ်တို့ကို
သတ်ဖို့ရန်ထားသော သိုးထက်ပို၍
တန်ဖိုးမရှိဟု ထင်မှတ်ကြပါ၏"

ဟု ရေးထား၏။ *ဆာလံ ၄၄:၂၂*
၃၇ သို့သော်လည်း ထိုအမှုအရာများအားလုံးထဲ
၌ ငါတို့အား ချစ်ခြင်းမေတ္တာကို ပြတော်မူသော
ဘုရားသခင်အားဖြင့် ငါတို့သည် အောင်မြင်ခြင်း
အပြည့်အဝရရှိကြ၏။ ၃၈-၃၉ မှန်ပါ၏။ သေခြင်းဖြစ်
စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်
စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုး ဖြစ်စေ
အဘယ်အရာကမျှ ငါတို့အား ဘုရားသခင်၏ချစ်
ခြင်းမေတ္တာမှမကွာစေနိုင်ကြောင်း ငါသည် သေ
ချာစွာသိ၏။ မျက်မှောက်အရာဖြစ်စေ၊ နောင်လာ
မည့်အရာဖြစ်စေ၊ တန်ခိုးဖြစ်စေ၊ ငါတို့၏အထက်
အရပ်ကဖြစ်စေ၊ ငါတို့၏အောက်အရပ်ကဖြစ်စေ၊
ဤလောက၌ ဖန်ဆင်းတော်မူသမျှသောအရာများ
ဖြစ်စေ၊ မည်သည့်အရာကမျှ ငါတို့သခင်ခရစ်တော်
ယေရှု၌ ရှိတော်မူသော ဘုရားသခင်၏ ချစ်ခြင်း
မေတ္တာနှင့် ငါတို့ကို ဘယ်သောခါမျှ ကွာစေနိုင်
လိမ့်မည်မဟုတ်ကြောင်း ငါသည် သေချာစွာသိ၏။

## ဘုရားသခင်နှင့်ဂျူးလူမျိုးများ

၉ ငါသည် ခရစ်တော်၌ရှိ၏။ ငါသည် သင်တို့အား
သမ္မာတရားကို ဟောပြော၏။ ငါသည် မုသာ
ကို မပြောပါ။ ကိုယ်ကိုယ်ကိုသိသောစိတ်သည် သန့်
ရှင်းသောဝိညာဉ်တော် အုပ်စိုးတော်မူ၏။ ငါသည်
မုသာမပါကြောင်းကို ထိုသို့သိသောစိတ်သည်
ငါ့အားပြောဆို၏။ ၂ ငါသည် ဂျူးလူမျိုးတို့ အတွက်
အစဉ်မပြတ် စိတ်နှလုံးထဲ၌ကြီးမားသော ပူပန်ခြင်း
ရှိ၍ အလွန်ဝမ်းနည်းလျက်ရှိ၏။ ၃ သူတို့သည်
ဇာတိအားဖြင့် ငါ၏မိသားစုဝင် ငါ့ညီအစ်ကိုမောင်
နှမများဖြစ်ကြ၏။ ငါသည် ထိုသူတို့အား ကူညီရန်
စိတ်ဆန္ဒရှိ၏။ အကယ်၍ ထိုသူတို့ကို ကူညီမှုပေး
နိုင်မည်ဆိုလျှင် ငါသည် ကျိန်ခြင်းကိုခံ၍ ငါကိုယ်တိုင်
ခရစ်တော်နှင့်ခွာရန်အသင့်ရှိ၏။ ၄ ထိုသူတို့သည်
ဂျူးလူမျိုးများဖြစ်ကြ၏။ ထိုလူမျိုး *(ဂျူးလူမျိုး)* တို့
သည် ဘုရားသခင်ရွေးကောက်တော်မူသော သား
သမီးများဖြစ်ကြ၏။ ထိုလူမျိုးတို့သည် ဘုရားသခင်
၏ဘုန်းအာနုဘော်တော်ကို ခံရကြ၏။ ဘုရားသခင်
သည် ကိုယ်တော်တိုင်နှင့် မိမိ၏လူမျိုးများအကြား
၌သဘောတူညီချက် ပဋိညာဉ်တရားကို ထားတော်
မူ၏။ ဘုရားသခင်သည် သူတို့အား မောရှေ၏ပညတ်
တရားနှင့် ဗိမာန်တော်၌ဝတ်ပြုကိုးကွယ်ခြင်း အခွင့်
ကို ပေးတော်မူ၏။ ထိုသို့ ဘုရားသခင်သည်
ထိုသူ *(ဂျူးလူမျိုး)* တို့အား မိမိ၏ကတိတော်များကို
ပေးတော်မူ၏။ ၅ ထိုလူမျိုးတို့သည် ငါတို့၏ ကြီး
မြတ်သော ဘိုးဘေးများတို့၏ အမျိုးအနွယ်များဖြစ်
ကြ၏။ သူတို့သည် ဇာတိအားဖြင့် ခရစ်တော်၏
မိသားစုဝင်များဖြစ်ကြ၏။ ခရစ်တော်သည် ခပ်သိမ်း
သောအရာတို့အပေါ်၌ အစိုးရတော်မူသော ဘုရား
သခင်ဖြစ်တော်မူ၏။ ကိုယ်တော်ကို ထာဝရအစဉ်
အမြဲချီးမွမ်းကြပါ။ အာမင်
၆ မှန်ပါသည်။ ငါသည် ဂျူးလူမျိုးတို့အတွက်
ယူကြုံးမရဝမ်းနည်းခြင်းကို ခံစားမိပါ၏။ ထိုသို့ဆို
ရာတွင် ဘုရားသခင်သည် သူတို့အားကြည့်ရှုစောင့်
ရှောက်မည်ဟူသော ကတိတော်ကို ပယ်ဖျက်ပြီ
ဟု ငါမဆိုလိုပါ။ သို့သော်လည်း အချို့သော ဂျူး
လူမျိုးတို့သည်သာ ဘုရားသခင်၏လူ အစစ်အမှန်
ဖြစ်ကြ၏။ ၇ ထိုနည်းတူ အာဗြဟံ၏ အမျိုးအနွယ်
အချို့သည်သာ အာဗြဟံ၏သားသမီး *(ဘုရားသခင်
၏လူများ)* အစစ်အမှန်ဖြစ်ကြ၏။ ထို့ကြောင့် ဘုရား
သခင်သည် အာဗြဟံအား "ဣဇက်သည်သာလျှင်
သင်၏တရားဝင်သားဖြစ်လိမ့်မည်"ဟု မိန့်တော်မူ
ခြင်းဖြစ်၏။ ၈ ထိုသို့ဆိုရာတွင် အာဗြဟံ၏အမျိုး
အနွယ်အားလုံး တို့သည် ဘုရားသခင်၏ သားသမီး
များ အစစ်အမှန်မဟုတ်ဟုဆိုလိုခြင်းဖြစ်၏။ အာဗြဟံ
၏စစ်မှန်သောသားသမီးများမှာ ဘုရားသခင်သည်
အာဗြဟံ၌ပြုတော်မူသော ကတိတော်အားဖြင့် ဘုရား
သခင်၏သားသမီးများဖြစ်လာကြသော လူတို့သာ
ဖြစ်ကြ၏။ ၉ အာဗြဟံ၌ ပြုတော်မူသော ဘုရားသခင်
၏ကတိတော်မှာ "ယခုမှစ၍ ကာလအချိန်စေ့သော
အခါ ငါသည် ပြန်လာမည်။ စာရာသည်လည်း သား
ကို ရလိမ့်မည်"ဟူ၍ ဖြစ်၏။
၁၀ ထိုအရာသည် အကုန်အစင်မဟုတ်သေးပါ။
ရေဗက္ကာသည်လည်း သားတို့ကို ရ၏။ ထိုသားတို့၏
ဖခင်မှာ ငါတို့၏ အဖဣဇက် *(ဘိုးဘေး)*ဖြစ်၏။
၁၁-၁၂ သို့ သော်လည်း ထိုသားနှစ်ဦး မမွေးဖွားမီ

ဘုရားသခင်သည် ရေဗက္ကာအား"သားအကြီးသည်
သားအငယ်၌ ကျွန်ခံရလိမ့်မည်"ဟု ဗျာဒိတ်ပေး
တော်မူ၏။ ထိုသို့ ဗျာဒိတ်ပေးတော်မူသည်မှာ ထို
သားနှစ်ဦးတို့သည် ကောင်းသောအကျင့် မကောင်း
သောအကျင့် မကျင့်မီကဖြစ်၏။ သူတို့သည် မမွေး
ဖွားမီ ဘုရားသခင်သည် ထိုသို့ဗျာဒိတ်ပေးတော်
မူပြီးဖြစ်၏။ သို့မှသာ ဘုရားသခင်၏ အကြံအစည်
တော်အားဖြင့် ဘုရားသခင် ရွေးကောက်သောသူ
သည် ရွေးကောက်တော်မူခြင်းကို ခံသောသူဖြစ်ရ
ပါမည်။ သူသည် ရွေးကောက်တော်မူခြင်းကို ခံ
သောသူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည်
ဘုရားသခင်အလိုတော်အားဖြင့် ခေါ်တော်မူသော
သူဖြစ်၍ ထိုသားတို့၏ အကျင့်အားဖြင့် မဟုတ်ပါ။
၁၃ ကျမ်းစာ၌ဆိုထားသည်မှာ "ယာကုပ်ကို ငါချစ်
၏။ သို့သော် ဧသောကို ငါမုန်း၏"ဟူ၍ ဖြစ်၏။
၁၄ ထို့ကြောင့် ငါတို့သည် ထိုအကြောင်းနှင့်
စပ်လျဉ်း၍ အဘယ်သို့ ပြောဆိုကြမည်နည်း။ ဘုရား
သခင်သည် မျက်နှာလိုက်သည်ဟု ဆိုရမည်လော။
ထိုသို့မဆိုနိုင်ပါ။ ၁၅ ဘုရားသခင်သည် မောရှေ
အား"ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြု
မည်၊ ငါသည် သနားလိုသောသူကိုလည်း သနား
မည်"ဟု မိန့်တော်မူ၏။ ၁၆ ထို့ကြောင့် ဘုရားသခင်
သည် ကျေးဇူးပြုရန် မိမိအကြံအစည်ရှိသောသူကို
ရွေးကောက်တော်မူလိမ့်မည်။ သို့ဖြစ်၍ သူ၏ရွေး
ကောက်တော်မူခြင်းမှာ လူတို့သည် အဘယ်အရာ
ကိုအလိုရှိကြသည် သို့မဟုတ် အဘယ်အရာကို ကြိုး
စား၍ ကျင့်ကြသည်ဟူသောအခြေအနေပေါ်၌ တည်
မှီခြင်းမရှိပါ။ ၁၇ ကျမ်းစာ၌ ဘုရားသခင်က ဖာရော
ဘုရင်အား"ငါသည် သင့်ကို ရှင်ဘုရင်အရာ၌ ခန့်
ထားတော်မူ၏။ ထို့ကြောင့် သင်သည် ငါ့အတွက်
ဤအမှုကိုပြုနိုင်၏။ ငါသည် ငါ့တန်ခိုးကို သင်၌
ထင်ရှားပြလို၏။ ငါသည် ငါ၏နာမတော်ကို မြေ
ကြီးတပြင်လုံး၌ ကျော်စောစေလို၏"ဟု မိန့်တော်
မူ၏။ ၁၈ ထို့ကြောင့် ဘုရားသခင်သည် မိမိကျေးဇူး
ပြုလိုသောသူတို့အပေါ်၌ ကျေးဇူးပြုတော်မူ၏။ ထို
နည်းတူ ဘုရားသခင်သည် စိတ်ခိုင်မာစေလိုသော
သူကို စိတ်ခိုင်မာစေတော်မူ၏။
၁၉ ထို့ကြောင့် သင်တို့အထဲတွင် တစ်ယောက်
သောသူသည် ငါ့အား "ဘုရားသခင်သည် ငါတို့ပြု
သောအရာများတို့ကို ထိန်းချုပ်တော်မူနိုင်လျှင်
ဘုရားသခင်သည် ငါတို့၏အပြစ်ဒုစရိုက်များအတွက်
အဘယ်ကြောင့် ငါတို့အား အပြစ်တင်တော်မူပါ
သနည်း"ဟု မေးမြန်းလိမ့်မည်။ ၂၀ ထိုသို့ မမေးမြန်း
သင့်။ သင်တို့သည် လူသာမညသာလျှင် ဖြစ်ကြ၏။
လူတို့သည် ဘုရားသခင်အား ငြင်းဆန်၍ မေးရ
သောအခွင့်မရှိပါ။ မြေအိုးသည် ထိုအိုးကို ပြုလုပ်
သူအား မေးမြန်းခြင်း မပြုနိုင်ပါ။ မြေအိုးက "သင်
သည် ငါ့ကိုအဘယ်ကြောင့် ဤကဲ့သို့ပြုလုပ်ပါသ
နည်း"ဟု မပြောဆိုသင့်ပါ။ ၂၁ မြေအိုးကို ပြုလုပ်
သောသူသည် သူအလိုရှိသည်အတိုင်း ပုံသွင်း၍
ပြုလုပ်နိုင်သည်။ သူသည် တူညီသောရွှံ့မြေကို
အသုံးပြုကာ ခြားနားကွဲပြားသောအရာများတို့ကို ပြု
လုပ်နိုင်၏။ သူသည် တစ်ခုခုကို အထူးရည်ရွယ်
ချက်အတွက် ပြုလုပ်နိုင်၍ အခြားတစ်ခုကိုမူ နေ့
စဉ်သာမန်သုံးပစ္စည်းအဖြစ် ပြုလုပ်နိုင်၏။
၂၂ ထိုနည်းတူ ဘုရားသခင် ပြုတော်မူသော
အရာများသည်လည်းဖြစ်ကြ၏။ ဘုရားသခင်သည်
မိမိ၏အမျက်တော်ကိုပြ၍ လူတို့အား မိမိ၏တန်ခိုး
တော်ကို မြင်စေတော်မူ၏။ သို့သော်လည်း ဘုရား
သခင်သည် မိမိ၏အမျက်တော်သင့်၍ ပျက်စီး
လုသောလူတို့ကို အလွန်စိတ်ရှည်စွာဖြင့် သည်းခံ
တော်မူ၏။ ၂၃ ထိုသို့ စိတ်ရှည်စွာသည်းခံခြင်းသည်
မိမိ၏ကြွယ်ဝသောဘုန်းအသရေတော်ကိုသိမြင်စေ
ရန်ဖြစ်သည်။ ဘုရားသခင်သည် ထိုဘုန်းအသရေ
တော်အား မိမိ၏ကျေးဇူးတော်ကို လက်ခံသောလူ
တို့ကို ပေးရန် အလိုတော်ရှိ၏။ ထိုသူတို့အား မိမိ၏
ဘုန်းအသရေတော်ကို ခံကြစေရန် ဘုရားသခင်
ပြင်ဆင်တော်မူ၏။ ၂၄ ငါတို့သည် ထိုလူများပင်
ဖြစ်၏။ ငါတို့သည် ဘုရားသခင် ခေါ်တော်မူသော
*(ရွေးကောက်)*သူဖြစ်ကြ၏။ ဘုရားသခင်သည် ငါ
တို့ကို ဂျူးလူမျိုးများထဲမှသော်လည်းကောင်း၊ ဂျူး
လူမျိုးမဟုတ်သော အခြားသောလူမျိုးများထဲမှသော်
လည်းကောင်းခေါ်တော်မူ၏။ ၂၅ ဟောရှေက

"ငါ၏လူမဟုတ်သောသူတို့ကို
ငါ၏လူတို့ဟူ၍ ငါခေါ်မည်၊
ငါချစ်သောသူမဟုတ်သောသူတို့ကိုလည်း
ငါချစ်သောသူတို့ဟု ငါဆိုမည်"

*ဟောရှေ ၂း၂၃*

၂၆ "သင်တို့သည် ငါ၏လူမဟုတ်ဟု
ဆိုရာအရပ်၌ နေသောသူတို့သည်
အသက်ရှင်တော်မူသော
ဘုရားသခင်၏သားများဟု
ခေါ်ခြင်းကို ခံရကြလိမ့်မည်"

ဟု ဆို၏။ *ဟောရှေ ၁း၁၀*

၂၇ တစ်ဖန် ပရောဖက်ဟေရှာယသည်လည်း
ဂျူးလူမျိုးတို့ကို ရည်မှတ်၍
“သမုဒ္ဒရာသဲလုံးနှင့်အမျှ များပြားသော ဂျူး
လူမျိုးအလွန်များစွာရှိကြ၏။ သို့သော်လည်း
ထိုလူမျိုးတို့တွင် အနည်းငယ်သော သူတို့
သာလျှင် ကယ်တင်တော်မူခြင်းသို့ ရောက်
ကြလိမ့်မည်။ ၂၈ မှန်ပါ၏။ ထာဝရဘုရားသည်
မြေကြီးပေါ်မှာရှိသော လူတို့အား စီရင်တော်
မူခြင်းအမှုကို အလျင်အမြန် ပြီးစီးစေတော်
မူလိမ့် မည်”ဟု ဆို၍ ကြွေးကြော်လေ၏။
၂၉ ထိုသို့နှင့်အညီ ဟေရှာယသည် ဆိုပြန်
သည်မှာ
“ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ ထာဝရ
ဘုရားသည် မိမိ၏လူအချို့ကို ငါတို့အတွက်
ကယ်တင်တော်မူ၏။ အကယ်၍ ကိုယ်တော်
သည် ထိုအမှုအရာ ကို မပြုလျှင် ယခုတွင်
ငါတို့သည်လည်း သောဒုံမြို့ကဲ့သို့လည်း
ကောင်း၊ ဂေါမောရမြို့ကဲ့သို့လည်းကောင်း
နှင့်တူကြပြီ”
ဟူ၍ ဖြစ်၏။
၃၀ ထို့ကြောင့် ဤအမှုအရာအားလုံးသည် အ
ဘယ်သို့ဆိုလိုပါသနည်းဟုဆိုသော် ဂျူးလူမဟုတ်
သော အခြားသောလူမျိုးတို့သည် မိမိတို့ကြိုးစား၍
ကျင့်ကြံအားထုတ်မှုအားဖြင့် ဘုရားသခင်၏ ရှေ့
တော်၌ ဖြောင့်မတ်ခြင်း မရနိုင်ကြ။ သို့သော် လည်း
သူတို့အား ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မတ်
ခြင်းအခွင့်ကို ပေးတော်မူ၏။ သူတို့၏ ယုံကြည်
ခြင်းအားဖြင့် သူတို့သည် ဖြောင့်မတ်ခြင်းသို့ ရောက်
ကြ၏။ ၃၁ ထိုနည်းတူ ဂျူးလူမျိုးတို့သည်လည်း
ပညတ်တရားတော်ကို ကြိုးစား၍ လိုက်လျှောက်
ခြင်းအားဖြင့် ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မတ်
ခြင်း ရရှိရန် ကြိုးစားကြ၏။ သို့သော်လည်း သူတို့သည်
မအောင်မြင်ခဲ့ကြပါ။ ၃၂ အဘယ်ကြောင့်ဆိုသော်
သူတို့သည် မိမိတို့ပြုသော အမှုအရာများအားဖြင့်
မိမိတို့ကိုယ်ကို ဖြောင့်မတ်စေရန် ကြိုးစားကြသော
ကြောင့်ဖြစ်၏။ သူတို့ကို ဖြောင့်မတ်စေတော်မူမည့်
ဘုရား သခင်အား သူတို့မကိုး စားခဲ့ကြပါ။ ထိုသူ
တို့သည် လူတို့ကို လဲစေသောကျောက်ကို ထိမိ၍
လဲကြ၏။ ၃၃ ထို့ကျောက်ကို ရည်မှတ်၍ ကျမ်းစာ၌
ဤသို့ရေးထား၏။
“ကြည့်ကြပါ၊ လူတို့ကို လဲစေမည့်ကျောက်ကို
ဇိအုန်တောင်ပေါ်မှာ ငါချထား၏။
ထိုကျောက်သည် လူတို့တို့ကို
ယိုင်လဲစေလိမ့်မည်။
သို့သော်လည်း ထိုကျောက်ကို အမှီပြု၍
ကိုးစားသောသူရှိသမျှတို့၌
စိတ်ပျက်ကြခြင်းမရှိနိုင်ရာ”

*ဟေရှာယ ၈း၁၄၊ ၂၈း၁၆*

၁၀ ညီအစ်ကိုမောင်နှမများတို့ ဂျူးလူမျိုး
အပေါင်းသည် ကယ်တင်တော်မူခြင်းသို့
ရောက်စေရန်မှာ ငါအလိုချင်ဆုံးသောအရာပင်ဖြစ်
၏။ ထိုအရာသည် ဘုရားသခင်ထံ ငါ ဆုတောင်း
လေ့ရှိသောအရာလည်းဖြစ်၏။ ၂ ဂျူးလူမျိုးတို့ကို
ရည်မှတ်၍ ဤအရာကို ငါပြောဆိုနိုင်၏။ သူတို့
သည်ဘုရားသခင်၏နောက်တော်သို့လိုက်ရန် အမှန်
ကြိုးစားကြ၏။ သို့သော် သူတို့သည် မှန်သောလမ်းကို
မသိကြ။ ၃ ဘုရားသခင်သည် လူတို့အား သူနှင့်
ဖြောင့်မတ်စေခြင်းအခွင့်ကို ပြင် ဆင်ပေးတော်မူ
သောလမ်းကို သူတို့မသိကြ။ သူတို့သည် မိမိတို့
ကိုယ်ကို ဖြောင့်မတ်ခြင်းသို့ ရောက်စေရန် ကိုယ်
ထင်သောလမ်း ဖြင့်ကြိုးစားကြ၏။ သို့ဖြစ်၍ သူတို့
သည် လူတို့အား ဖြောင့်မတ်ခြင်းသို့ရောက်ရန် ပြင်
ဆင်တော်မူသော ဘုရားသခင်၏လမ်းကို လက်
မခံကြ။ ၄ ခရစ်တော်သည် ပညတ်တရားတော်ကို
ကုန်ဆုံးစေတော်မူ၏။ သို့ဖြစ်၍ မိမိအား ယုံကြည်
သောသူရှိသမျှတို့ကို ဘုရားသခင်၏ ရှေ့တော်၌
ဖြောင့်မတ်ခြင်းကို ရရှိစေ၏။
၅ ပညတ်တော်ကို လိုက်လျှောက်ခြင်းအားဖြင့်
ဖြောင့်မတ်ခြင်းသို့ ရောက်ရှိကြောင်း မောရှေသည်
ရေးထား၏။ မောရှေက “ဤအရာများ (*ပညတ်တရား
တော်*)အားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်လိုသော
သူသည် ထိုပညတ်ချက်ရှိသမျှတို့ကို လုပ်ဆောင်
ရမည်”ဟု ဆိုထား၏။ ၆ သို့သော်လည်း “မည်သူ
သည် ကောင်းကင်ဘုံသို့ တက်မည်နည်း”ဟူ၍ မိမိ
ကိုယ်ကို မပြောပါနှင့်ဟု ဆိုခြင်းသည် ယုံကြည်ခြင်း
အားဖြင့်သာ ဖြောင့်မတ်ခြင်းသို့ရောက်နိုင်သည်ဟု
ကျမ်းစာ၌ ပြောဆိုခြင်းကြောင့်ဖြစ်၏။(ဆိုလိုသည်
မှာ “မည်သူသည် ကောင်းကင်ဘုံသို့ တက်ကြွ၍
ခရစ်တော်နှင့်တွေ့ဆုံပြီး ကိုယ်တော်အား ဤမြေကြီး
ပေါ်သို့ ခေါ်ဆောင်လာမည်နည်း” ဟူ၍ ဖြစ်၏)။
၇ ထို့အပြင် “မည်သူသည် မြေကြီး၏ အောက်အရပ်
သို့ ဆင်းမည်နည်း”ဟူ၍လည်း မဆိုနှင့်။ (ဆိုလို
သည်မှာ “မည်သူသည် အောက်အရပ်သို့ ဆင်းပြီး

ခရစ်တော်အား သေခြင်းမှအထက်အရပ်သို့ ခေါ်
ဆောင်လိမ့်မည်နည်း”ဟူ၍ဖြစ်၏)။ ၈ “ဘုရားသခင်
၏ သွန်သင်တော်မူခြင်းသည် သင်တို့နှင့်နီးကပ်
လျက်ရှိ၏။ ထိုအရာသည် သင်တို့၏နှုတ်နှင့် နှလုံး
သားထဲ၌ရှိ၏”ဟု ကျမ်းစာ၌ဆိုထား၏။ ထိုတရား
သည် လူတို့အား ငါတို့ဟောပြောနေသော ယုံကြည်
ခြင်းတရားဖြစ်၏။ ၉ “ယေရှုသည် သခင်ဖြစ်သည်”
ဟု နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် ယေရှုကို
သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသည်ဟု
စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့
ရောက်ကြလိမ့်မည်။ ၁၀ မှန်ပါသည်။ ငါတို့၏
စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ဘုရားသခင်၏ ရှေ့
တော်၌ ဖြောင့်မတ်ခြင်းရှိကြ၏။ တစ်ဖန် ငါတို့
သည် ကိုယ်နှုတ်ဖြင့် ယုံကြည်ကြောင်းကို ဝန်ခံ
လျှင် ကယ်တင်ခြင်းသို့ ရောက်ကြ၏။ ၁၁ မှန်ပါသည်။
ကျမ်းစာ၌ “မည်သူမဆို ထိုသူ *(ခရစ်တော်)* ကို ယုံ
ကြည်သော သူတို့သည် ရှက်ကြောက်ခြင်းသို့
မရောက်ရ”ဟုဆိုထား၏။ ၁၂ ထိုကျမ်းစာ၌ “မည်သူ
မဆို”ဟု ဆိုထား၏။ အဘယ်ကြောင့်ဆိုသော် ဂျူး
လူမျိုးတို့နှင့် အခြားသော လူမျိုးတို့ကြား၌ ခြား
နားခြင်း၊ ကွဲပြားခြင်း အလျှင်းမရှိသောကြောင့်ဖြစ်
၏။ ထိုသခင်သာလျှင် လူသားအပေါင်းတို့၏ထာဝရ
ဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် မိမိအား
ကိုးစားသောလူမျိုးအားလုံးတို့အပေါ်၌ ကောင်းချီး
မင်္ဂလာ တို့ကို ကြွယ်ဝစွာချပေးတော်မူ၏။ ၁၃ မှန်ပါ
သည်။ ကျမ်းစာ၌“ထာဝရဘုရားကို ယုံကြည်၍ ကိုး
စားသော သူရှိသမျှတို့သည် ကယ်တင်တော်မူခြင်း
သို့ ရောက်ရကြလိမ့်မည်”ဟု ဆိုထား၏။
၁၄ သို့သော် လူတို့သည် ထာဝရဘုရား ကယ်မ
ရန်အတွက် ကိုးစားခြင်းမရှိမီ သူတို့သည် ဘုရား
သခင်ကို ယုံကြည်ရပါမည်။ သူတို့သည် ထာဝရ
ဘုရားကို ယုံကြည်နိုင်ရန် ကိုယ်တော်၏အကြောင်း
ကို ကြားရပါမည်။ ထို့အပြင် လူတို့သည် ထာဝရ
ဘုရား၏အကြောင်းကို ကြားစေရန် အခြားသောလူ
သည် ထို သူတို့အား ဟောပြောရပါမည်။ ၁၅ တစ်ဖန်
ထိုသူတို့အားဟောပြောရန် လူကို စေလွှတ်ရပါမည်။
“ဝမ်းမြောက်စရာသတင်းကောင်း ကိုဟောပြောသော
သူတို့၏ခြေသည် အလွန်လှပ တင့်တယ်ခြင်းရှိ၏”
ဟု ကျမ်းစာ၌ ဆိုထားပါ၏။
၁၆ သို့သော်လည်း ဂျူးလူမျိုးအားလုံးတို့သည်
ဝမ်းမြောက်စရာသတင်းကောင်းကို လက်ခံကြသည်
မဟုတ်။ ပရောဖက်ဟေရှာယကလည်း “အို ထာ
ဝရဘုရား၊ ကျွန်ုပ်တို့ ဟောပြောသောအရာများကို
မည်သူသည် ယုံကြည်ပါသနည်း”ဟုဆိုခဲ့၏။ ၁၇ ထို့
ကြောင့် ယုံကြည်ခြင်းသည် ဝမ်းမြောက်စရာသတင်း
ကောင်းကိုကြားနာခြင်းမှလာ၏။ တစ်ယောက်သော
သူသည် ထိုသူတို့အား ခရစ်တော်အကြောင်းကိုဟော
ပြောသောအခါ လူတို့သည် ဝမ်းမြောက်စရာသတင်း
ကောင်းကို ကြားရ ကြ၏။
၁၈ သို့သော်လည်း“လူတို့သည် ဝမ်းမြောက်စရာ
သတင်းကောင်းကို မကြားရကြပြီလော”ဟု ငါမေး
လျှင် မှန်ပါ၏။ ကျမ်းစာ၌ ဆိုထားသည် အတိုင်း
သူတို့သည် ကြားရကြပြီ။

“သူတို့၏အသံသည်
မြေတစ်ပြင်လုံး၌ ပျံ့နှံ့လျက်ရှိ၏၊
သူတို့၏စကားသည်
မြေကြီးပေါ် နေရာတိုင်း၌ရောက်လေပြီ”

*ဆာလံ ၁၉:၄*

၁၉ တစ်ဖန် ငါမေးပြန်သည်မှာ “ဂျူးလူမျိုးတို့
သည် မသိနားမလည်ကြပြီလော။ မှန်ပါသည်။ သူ
တို့သည်သိနားလည်ကြပါ၏။ မောရှေသည် ရှေးဦးစွာ
ဘုရားသခင်အတွက် ဤသို့ ဆို၏။

“ငါသည် လူမျိုးအမှန်မဟုတ်သော
လူတို့ကို အသုံးပြု၍
သင်တို့အား ငြူစူသောစိတ်ရှိစေမည်
ငါသည် နားလည်ခြင်းသဘောမရှိသော
လူမျိုးတို့ကို အသုံးပြု၍ သင်တို့ကို
စိတ်ဆိုးစေမည်”

*တရား ၃၂:၂၁*

၂၀ ထို့နောက် ပရောဖက်ဟေရှာယသည် ဤ
အရာတို့ကို ဘုရားသခင်အတွက် ရဲရင့်စွာပြောဆို
၏။

“ငါ့ကိုမရှာသောလူတို့သည်
ငါ့ကိုတွေ့ကြ၏၊
ငါ့ကို မမေးမြန်းသောသူတို့၌
ငါသည် ကိုယ်တိုင်ထင်ရှား၏”

*ဟေရှာယ ၆၅:၁*

၂၁ ဘုရားသခင်သည် ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့အား ဤအကြောင်းအရာတို့ကို
ပရောဖက်ဟေရှာယအားဖြင့် မိန့်တော်မူ၏။ သို့
သော်လည်း ဘုရားသခင်သည် ဂျူးလူမျိုးတို့ကို
ရည်မှတ်၍“ငါသည် ထိုလူမျိုးတို့အား တစ်နေ့လုံး
စောင့်မျှော်လျက်နေ၏။ သို့သော်လည်း သူတို့သည်
ငါ့စကားကိုနားထောင်ဖို့ရန်ငြင်းပယ်၍ ငါ့နောက်

သို့ လိုက်ရန်လည်း ငြင်းပယ်ကြ၏”ဟု ဆို၏။

## ဘုရားသခင်သည် သူ၏လူတို့ကို မေ့လျော့တော်မမူခြင်း

၁၁ ထို့ကြောင့် “ဘုရားသခင်သည် မိမိ၏လူ
တို့ကို ပယ်တော်မူပြီလား”ဟု ငါမေးသော်
ပယ်တော်မမူဟု ဆိုရမည်။ ငါသည်လည်း ဂျူးလူမျိုး
တစ်ယောက်ဖြစ်၏။ ငါသည် အာဗြဟံ၏မိသားစုဝင်
အမျိုးအနွယ်မှ ဆင်းသက်လာ၏။ ငါသည် ဗယ်ာမိန်
အမျိုးအနွယ် မိသားစုမှဖြစ်၏။ ၂ ဘုရားသခင်သည်
ဂျူးလူမျိုးတို့ကို မိမိ၏လူမျိုးဖြစ်စေရန် ထိုသူတို့
မမွေးဖွားမီက ရွေးကောက်တော်မူ၏။ ဘုရားသခင်
သည် ထိုလူမျိုးတို့ကို ပယ်တော်မမူ။ ကျမ်းစာ၌
ဧလိယအကြောင်း အဘယ်သို့ပြောဆိုသည်ကို သင်
တို့သည် အသေအချာသိကြ၏။ ဧလိယသည် ဣသ
ရေလလူမျိုးတို့ကို ဆန့်ကျင်၍ ဘုရားသခင်အား
ဆုတောင်းသည်ကို ကျမ်းစာ၌ဆိုထား၏။ ဧလိယက
၃ “အို ထာဝရဘုရား လူတို့သည် ကိုယ်တော်၏
ပရောဖက်တို့ကို သတ်ကြ၏။ ကိုယ်တော်၏ ယဇ်
ပလ္လင်တော်များကိုလည်း ဖျက်ဆီးကြ၏။ ပရော
ဖက်တို့တွင် ငါတစ်ယောက်တည်းသာ အသက်
ရှင်လျက် ကျန်ရှိပါ၏။ ယခုတွင် လူတို့သည် ကျွန်ုပ်
ကိုလည်း သတ်ရန်ရှာကြ၏”ဟု လျှောက်ထား၏။
၄ သို့သော်လည်း ဘုရားသခင်သည် ဧလိယအား
အဘယ်သို့ အဖြေပေးတော်မူသနည်း။ ထိုအခါ
ဘုရားသခင်က “ငါသည် ယခုတိုင်အောင် ငါ့ကို
ဝတ်ပြုကိုးကွယ်သောလူယောကျ်ားခုနစ်ထောင်တို့
ကို ငါ့အတွက် ကျန်ကြွင်းစေ၏။ ထိုခုနစ်ထောင်သော
လူယောကျ်ားတို့သည် ဗာလရှေ့၌ ဒူးမထောက်၊
ဝတ်မပြု၊ မကိုးကွယ်ပါ”ဟု မိန့်တော်မူ၏။ ၅ ယခု
တွင်လည်း ထိုနည်းတူ ဖြစ်၏။ ဘုရားသခင်သည်
မိမိ၏ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့် ရွေး
ကောက်တော်မူသော လူအနည်းရှိ၏။ ၆ ဘုရားသ
ခင်သည် မိမိ၏လူတို့ကို ကျေးဇူးတော်အားဖြင့်
ရွေးကောက်တော်မူလျှင် ထိုလူတို့ ဘုရားသခင်၏
လူဖြစ်ခြင်းမှာ သူတို့ပြုခဲ့သောအကျင့်ကြောင့် မဟုတ်။
အကယ်၍ သူတို့လုပ်ခဲ့သောအရာများက သူတို့ကို
ဘုရားသခင်၏လူဖြစ်စေနိုင်လျှင် ဘုရားသခင်၏
လက်ဆောင်ဖြစ်သော ကျေးဇူးတော်သည် လက်
ဆောင်အစစ်အမှန်မဖြစ်နိုင်။
၇ ထို့ကြောင့် ဤသို့ဖြစ်၏။ ဣသရေလလူမျိုး
*(ဂျူးလူမျိုး)* တို့သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်
မတ်မှု ခြင်းသို့ရောက်ရန် ကြိုးစားခဲ့ကြ၏။ သို့သော်
လည်း သူတို့သည် မအောင်မြင်ခဲ့ပါ။ သို့ရာတွင်
ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည်
ကိုယ်တော်၏ ရှေ့တော်၌ ဖြောင့်မတ်တော်မူခြင်း
အခွင့်ကို ရကြ၏။ အခြားသောသူတို့သည် ဘုရား
သခင်၏စကားကို နားထောင်ရန် စိတ်နှလုံးခိုင်မာ
စွာ ငြင်းဆန်ကြ၏။ ၈ ကျမ်းစာ၌ရေးထားသည်နည်း
တူဖြစ်၏။

“ဘုရားသခင်သည် လူတို့ကို
အိပ်ခြင်းအခွင့်ပေးတော်မူ၏”

*ဟေရှာယ ၂၉း၁၀*

“ဘုရားသခင်သည် သူတို့၏
မျက်စိကို ကွယ်စေတော်မူ၏၊
ထို့ကြောင့် သူတို့သည်
သမ္မာတရားကို မမြင်နိုင်ကြပါ၊
ထို့အပြင် ဘုရားသခင်သည်
သူတို့၏နားကို လေးစေတော်မူ၏
ထို့ကြောင့်သူတို့သည်
သမ္မာတရားကို မကြားနိုင်ကြ၊
ထိုအရာတို့သည် ယခုတိုင်အောင်
ဆက်လက်ဖြစ်၏”

*တရား ၂၉း၄*

၉ ဒါဝိဒ်ကလည်း
“ထိုလူတို့သည် မိမိ၏
ကျော့ကွင်းများ၌ ဖမ်းမိပါစေ။
ထိုသူတို့သည် လဲ၍
အပြစ်စီရင်ခြင်းကို ခံရကြပါစေ၊
၁၀ “ထိုသူတို့သည် မျက်စိကွယ်သဖြင့်
သမ္မာတရားကို မမြင်နိုင်ဘဲ ရှိကြပါစေ၊
ထို့အပြင် ထိုသူတို့သည်
ထာဝရအစဉ်မပြတ်
ဒုက္ခဆင်းရဲခြင်းရှိပါစေ”

*ဆာလံ ၆၉း၂၂-၂၃*

၁၁ ထို့ကြောင့် “ဂျူးလူမျိုးတို့ ထိုသို့လဲသွားခြင်း
သည် သူတို့ကို ပျက်စီးစေပြီလား”ဟု ငါမေးသော်၊
ပျက်စီးခြင်းသို့ မရောက်ပါ။ သို့သော်လည်း သူတို့
ပြစ်မှားခြင်းသည် ဂျူးလူမျိုးမဟုတ်သော အခြား
သောလူမျိုးတို့အား ကယ်တင်ခြင်းသို့ ရောက်စေ
၏။ ထိုသို့ဖြစ်ခြင်းကြောင့် ဂျူးလူမျိုးတို့၌ မနာလို
ခြင်း၊ ငြူစူခြင်း အကြောင်းဖြစ်စေ၏။ ၁၂ ဂျူးလူမျိုးတို့၏
အမှားပြုမိ ခြင်းကြောင့် လောကီသားများအတွက်
ချမ်းသာကြွယ်ဝသောကောင်းချီးမင်္ဂလာကိုဖြစ်စေ၏။

ဂျူး လူမျိုးတို့ ၏ ဆုံးရှုံးခြင်းသည် ဂျူးလူမျိုးမဟုတ်
သောအခြားသောလူမျိုးအတွက် ကြွယ်ဝချမ်းသာ
သော ကောင်းချီးမင်္ဂလာများကိုဖြစ်စေ၏။ ထို့ကြောင့်
ဂျူးလူမျိုးတို့သည် ဘုရားသခင်အလိုရှိသောလူမျိုး
များ ပြီပြင်စွာဖြစ်လာကြသောအခါ လောကီသား
တို့သည် သာ၍အလွန်ကြွယ်ဝသော ကောင်းချီး
မင်္ဂလာများကို အမှန်ခံစားရမည်ဖြစ်၏။

၁၃ ယခုတွင် ငါသည် ဂျူးလူမျိုးမဟုတ်သော
သင်တို့အား စကားပြော၏။ ငါသည် ဂျူးလူမျိုး
မဟုတ်သော အခြားသောလူမျိုးတို့အတွက် တမန်
တော်တစ်ပါးဖြစ်၏။ ထို့ကြောင့် ငါသည် ထိုအလုပ်
ကို လုပ်နေစဉ်တွင် တတ်နိုင်သမျှ အကောင်းဆုံး
လုပ်ဆောင်ရမည်။ ၁၄ ငါသည် ငါ၏လူတို့ *(ဂျူးလူ
မျိုး)* ကို မနာလိုငြိုငြင်စေရန် ပြုနိုင် ကောင်းသည်ဟု
ငါမျှော်လင့်၏။ ထိုနည်းအားဖြင့် ထိုသူအချို့တို့ကို
ကယ်တင်ခြင်းသို့ ရောက်ရှိရန် ငါကူညီနိုင်မည်ဖြစ်
၏။ ၁၅ ဘုရားသခင်သည် ဂျူးလူမျိုးတို့ကို ကျော
ခိုင်းတော်မူ၏။ ထိုအချိန်တွင် ဘုရားသခင်သည်
ဤလောက၌ရှိသော အခြားသောလူမျိုးတို့နှင့် မိတ်
ဆွေများဖြစ်လာကြ၏။ ထို့ကြောင့် ဘုရားသခင်သည်
ဂျူးလူမျိုးတို့ကိုလက်ခံသောအခါ လူတို့သည် သေ
လွန်ပြီးသောသူ အသက်ရှင်ပြန်ရှင်သကဲ့သို့ဖြစ်လိမ့်
မည်။

၁၆ အဦးနယ်သော မုန့်စိမ်းကို ဘုရားသခင်အား
ပူဇော်လျှင် ထိုမုန့်တစ်ပုံလုံးသည် သန့်ရှင်းလိမ့်
မည်။ သစ်ပင်တစ်ပင်၏အမြစ်သည် သန့်ရှင်းလျှင်
ထိုအပင်၏ အကိုင်းအခက်များသည်လည်း သန့်
ရှင်းခြင်းရှိလိမ့်မည်ဖြစ်၏။

၁၇ သံလွင်ပင်တစ်ပင်မှ အကိုင်းအခက် အချို့
ကို ချိုးဖြတ်ပြီး ရိုင်းသောသံလွင်မှ အခက်ကို ထို
ပထမအပင်၌ဆက်သည်နှင့်တူ၏။ ဂျူးလူမျိုးမဟုတ်
သည့် အခြားသောလူမျိုးများဖြစ်ကြသည့် သင်တို့
သည် ထိုရိုင်းသော သံလွင်ပင်၏ အခက်နှင့်တူကြ
၍ယခုတွင် ပထမအပင် *(ဂျူးလူမျိုး)* ၏ ခွန်အားနှင့်
အသက်ကို ရယူခံစားရကြ၏။ ၁၈ ထို့ကြောင့် ထိုသို့
ချိုးဖဲ့ခြင်းကိုခံသော အခက်များကြောင့် ဝါကြွား
ခြင်း မရှိကြနှင့်။ သင်တို့၌ ဝါကြွားစရာအကြောင်း
အလျှင်းမရှိ။ အဘယ်ကြောင့်နည်း။ သင်တို့သည်
အမြစ်အတွက် အသက်ကို မပေးကြ။ အမြစ်သည်
သင်တို့ကို အသက်ပေး၏။ ၁၉ "အခက်များသည်
ချိုးဖဲ့ခြင်းခံရ၍ ငါသည် သူတို့ပင်စည်၌ဆက်ခွင့်
ရ၏"ဟု သင်တို့ ဆိုရမည်။ ၂၀ ထိုသို့မှန်၏။ သို့သော်
လည်း ထိုအခက်များတို့သည် ချိုးဖဲ့ခြင်းကို ခံရ၏။
အဘယ်ကြောင့်ဆိုသော် သူတို့သည် မယုံကြည်ကြ။
သင်တို့သည် ယုံကြည်ကြသောကြောင့်သာ ပင်စည်
၏အစိတ်အပိုင်းများ၌ ဆက်လက်၍ တည်ကြခြင်း
ဖြစ်၏။ သို့ဖြစ်၍ မာနစိတ်မရှိစေဘဲ ကြောက်ခြင်း
စိတ်ရှိစေပါ။ ၂၁ အကယ်၍ ဘုရားသခင်သည် ထို
ပင်စည်၏ပကတိအခက်များကို မတည်စေလျှင်
သင်တို့သည်လည်း မယုံကြည်ပါက သာ၍ပင် တည်
စေမည်မဟုတ်ပါ။

၂၂ ထို့ကြောင့် ဘုရားသခင်သည် ကြင်နာမှုရှိ
သည်ကို သင်တို့မြင်ရကြ၏။ သို့သော်လည်း သူ
သည် အလွန်တိကျပေ၏။ ဘုရားသခင်သည် သူ့
နောက်တော်သို့လိုက်ခြင်းမှ နောက်ဆုတ်၍ ရပ်
ဆိုင်းသောသူတို့ကို အပြစ်စီရင်တော်မူ၏။ သို့သော်
လည်းသင်တို့သည်ဘုရားသခင်၏ကြင်နာမှုအောက်
၌ဆက်လက်၍လိုက်လျှောက်မည်ဆိုလျှင်သူသည်
သင်တို့အပေါ်၌ကြင်နာမှုရှိ၏။ သို့သော်လည်းသင်
တို့သည် ဘုရားသခင်နောက်သို့ ဆက်လက်၍
လိုက်လျှောက်ခြင်းမရှိပါက သင်တို့သည် ပင်စည်
မှဖြတ်တောက် ချိုးဖဲ့ခြင်းကို ခံရလိမ့်မည်။ ၂၃ တစ်
ဖန် ဂျူးလူမျိုးတို့သည် ဘုရားသခင်ကို ပြန်လည်၍
ယုံကြည်မည်ဆိုလျှင် ဘုရားသခင်သည် ဂျူးလူမျိုး
တို့ကို တဖန်ပြန်လည်၍ လက်ခံတော်မူမည်။ ဘု
ရား သခင်သည် သူတို့ကို အရင်နေရာ၌ ပြန်ထား
ရန် တတ်နိုင်တော်မူ၏။ ၂၄ ရိုင်းသောအခက်များ
တို့သည်ကောင်းသောအပင်တစ်ပင်၏အစိတ်အပိုင်း
များဖြစ်လာခြင်းမှာ သဘာဝအတိုင်း မဟုတ်။ သို့
သော်လည်း ဂျူးလူမျိုးမဟုတ်သော သင်တို့သည်
ရိုင်းသောသံလွင်ပင်တစ်ပင်မှ ခုတ်ဖြတ်၍ ချိုးဖဲ့
သောအခက်တစ်ခက်ဖြစ်၏။ သင်တို့သည် ကောင်း
သောသံလွင်ပင် တစ်ပင်သို့ ဆက်ကြ၏။ သို့သော်
လည်း ထိုဂျူးလူမျိုးတို့သည် ကောင်းသောအပင်
မှ ကြီးထွားလာခဲ့သော အခက်များဖြစ်ကြ၏။ ထို့
ကြောင့် သူတို့သည် မိမိတို့ပင်စည်၌ တစ်ဖန်ပြန်
၍ အမှန်ဆက်နိုင်ကြ၏။

၂၅ ညီအစ်ကိုမောင်နှမများတို့ ထိုလျှို့ဝှက်သော
သမ္မာတရားကို ငါသည် သင်တို့အား နားလည်စေ
လို၏။ သင်တို့ မသိနားမလည်နိုင်သော အရာခပ်
သိမ်းတို့ကို ထိုသမ္မာတရားသည် သင်တို့အား
နားလည်စေရန် ကူညီပါလိမ့်မည်။ ထိုသမ္မာတရား
မှာ ဣသရေလအမျိုးအနွယ်တို့သည် စိတ်နှလုံး
ခိုင်မာခြင်းသို့ ရောက်ကြ၏။ သို့သော်လည်း ဂျူး

လူမျိုးမဟုတ်သော အခြားသောလူမျိုးအများအပြား
တို့သည် ဘုရားသခင်ထံတော်သို့ ချည်းကပ်လာ
ကြသောအခါ ထိုအရာတို့သည် ပြောင်းလဲခြင်းသို့
ရောက်လိမ့်မည်။ ၂၆ ထိုသို့ဖြင့် ဣသရေလလူမျိုး
အားလုံးတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်
ရကြလိမ့်မည်အကြောင်းဖြစ်၏။ ကျမ်းစာ၌ ဤသို့
ရေးထား၏။

“ကယ်တင်ရှင်သည် ဇိအုန်တောင်မှ
လာလိမ့်မည်၊
သူသည် ယာကုပ်အမျိုးမှ
မတရားသောအမှုရှိသမျှတို့ကို
ပယ်ရှားလိမ့်မည်။
၂၇ “ငါသည် သူတို့၏
အပြစ်များကို ပယ်ရှားသောအခါ
ဤသဘောတူညီချက်ကို
ထိုလူမျိုးတို့နှင့် ငါပြုမည်”

*ဟေရှာယ ၅၉း၂၀-၂၁၊ ၂၇း၉*

၂၈ ဂျူးလူမျိုးတို့သည် ဝမ်းမြောက်စရာသတင်း
ကောင်းကို လက်ခံရန် ငြင်းပယ်ကြ၏။ ထို့ကြောင့်
သူတို့သည် ဘုရားသခင်၏ရန်သူများဖြစ်ကြ၏။ ဂျူး
လူမျိုးမဟုတ်သော သင်တို့အား ကူညီမစရန် ထိုသို့
ဖြစ်ခဲ့၏။ သို့သော်လည်း ဂျူးလူမျိုးတို့သည် ယခု
တိုင်အောင် ဘုရားသခင် ရွေးကောက်သောလူမျိုး
များဖြစ်ကြ၏။ ထို့ကြောင့် ဘုရားသခင်သည် ထိုသူ
တို့ကို အလွန်ချစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော်
သူတို့၏ဘိုးဘေးများတို့နှင့် ပြုတော်မူခဲ့သော ကတိ
တော်များကြောင့်ဖြစ်၏။ ၂၉ ဘုရားသခင်သည် မိမိ
ခေါ်တော်မူသော လူမျိုးတို့အပေါ် နှင့် သူတို့အား
ပေးတော်မူသောအရာများအပေါ် တွင် ထားရှိတော်
မူသော စိတ်သဘောတော်သည် ဘယ်သောအခါမျှ
ပြောင်းလဲခြင်းရှိမည်မဟုတ်။ ဘုရားသခင်သည် လူ
တို့ထံသို့ သူခေါ်တော်မူခြင်းကိုလည်း ဘယ်သော
အခါမျှ ပြန်လည်၍ရုတ်သိမ်းမည်မဟုတ်။ ၃၀ သင်
တို့သည် တစ်ချိန်တစ်ခါက ဘုရားသခင်၏စကား
ကို နားထောင်ရန် ငြင်းပယ်ခဲ့ကြ၏။ သို့သော်လည်း
ယခုတွင် သင်တို့သည် ကရုဏာတော် *(သနားတော်
မူခြင်း)* ကို ခံရကြ၏။ အဘယ်ကြောင့်ဆိုသော် ထို
ဂျူးလူမျိုးတို့သည် နားထောင်ရန် ငြင်းပယ်ကြ၏။
၃၁ ယခုတွင် ဂျူးလူမျိုးတို့သည် နားထောင်ရန် ငြင်း
ပယ်ကြသောကြောင့် ဘုရားသခင်သည် သနားတော်
မူခြင်း ကရုဏာတော်ကို သင်တို့အား ပြတော်မူ၏။
သို့ရာတွင် သူတို့သည်လည်း သနားတော်မူခြင်း
ကရုဏာတော်ကို ဘုရားသခင်ထံတော်မှ လက်ခံ
ရရှိကြမည်အကြောင်း ဤအရာသည်ဖြစ် ပျက်ခဲ့ခြင်း
ဖြစ်၏။ ၃၂ လူအပေါင်းတို့သည် ဘုရားသခင်၏စကား
တော်ကိုနားထောင်ရန်ငြင်းပယ်ကြ၏။ ဘုရားသခင်
သည် လူအပေါင်းတို့အား မိမိ၏စကားကို နားမ
ထောင်သောလူမျိုးတို့အရာ၌ အတူထားတော်မူ၏။
ထို့ကြောင့် ဘုရားသခင်သည် လူအပေါင်းတို့အပေါ်
၌ သနားတော်မူခြင်းကရုဏာတော်ကို ထင်ရှားစွာ
ပြနိုင်မည်ဖြစ်၏။

## ဘုရားသခင်ကို ချီးမွမ်းခြင်း

၃၃ မှန်ပေ၏။ ဘုရားသခင်၏ ကြွယ်ဝချမ်းသာ
ခြင်းသည် အလွန်ကြီးမားလှပါ၏။ ဘုရားသခင်၏
ပညာနှင့် ဉာဏ်တော်ကုန်ဆုံးခြင်း မရှိ။ အလွန်
ကျယ်ဝန်းနက်နဲလှပါ၏။ ဘုရားသခင် စီရင်တော်
မူချက်တို့ကို အဘယ်သူမျှ စစ်၍မကုန်နိုင်။ ဘုရား
သခင်၏ လမ်းခရီးတော်တို့ကိုလည်း အဘယ်သူ
မျှ နားမလည်နိုင်။ ကျမ်းစာ၌ ဤသို့ရေးထား၏။

“ထာဝရဘုရား၏စိတ်တော်ကို
မည်သူသိနိုင်မည်နည်း၊
ဘုရားသခင်နှင့် တိုင်ပင်ခြင်းငှာ
မည်သူတတ်စွမ်းနိုင်မည်နည်း”

*ဟေရှာယ ၄၀း၁၃*

“မည်သူသည် ဘုရားသခင်အား
မည်သည့်အရာကို ပေးခဲ့ဖူးသနည်း၊
ဘုရားသခင်သည် မည်သူ့ထံ၌မှ
အကြွေးတင်တော်မမူ”

*ယောဘ ၄၁း၁၁*

မှန်ပါ၏။ ဘုရားသခင်သည် အရာခပ်သိမ်းကို
ဖန်ဆင်းတော်မူ၏။ သို့ဖြစ်၍ ခပ်သိမ်းသောအရာ
တို့သည် ဘုရားသခင်အားဖြင့်သော်လည်းကောင်း၊
ဘုရားသခင်အတွက်သော်လည်းကောင်းဆက်လက်
၍ တည်နေကြ၏။ ဘုရားသခင်သည် ထာဝရအစဉ်
အဆက်ဘုန်းကြီးတော်မူစေသနည်း။ အာမင်။

## ဘုရားသခင်အတွက်အသက်ရှင်ခြင်း

၁၂ ထို့ကြောင့် ညီအစ်ကိုမောင်နှမတို့ ဘုရား
သခင်သည် ကြီးမားသောကရုဏာကို ငါ
တို့အား ပြတော်မူပြီ။ ထို့ကြောင့် သင်တို့၏အသက်
ရှင်ခြင်းတို့ကို အသက်ရှင်သောယဇ်ပူဇော်ခြင်းကဲ့
သို့ ဘုရားသခင်အား ပေးလှူကြပါ။ သင်တို့၏ဆက်
ကပ်ပေးလှူခြင်းသည် ဘုရားသခင်အတွက်သာဖြစ်
စေပြီး ဘုရားသခင်၏စိတ်တော်နှင့် တွေ့ထိ၍ နှစ်

သက်စေရန် ငါတောင်းပန်ပါ၏။ ထိုကဲ့သို့ သင်တို့
ကိုယ်ကိုပေးလှူခြင်းသည် ဝိညာဉ်သဘောဖြင့် ဘုရား
သခင်ကို ဝတ်ပြုကိုးကွယ်ခြင်း*(အစေခံခြင်း)*နည်း
လမ်းဖြစ်သည်။ ၂ သင်တို့သည် ဤလောက၌ ရှိ
သောသူတို့နည်းတူ မဖြစ်ကြပါနှင့်။ သို့သော်လည်း
အတွင်းဝိညာဉ်သဘောအားဖြင့် စိတ်နှလုံးအကြံအ
စည်တို့ကို အသစ်ပြုပြင်၍ ပြောင်းလဲခြင်းရှိကြပါ။
သို့မှသာ သင်တို့သည် အဘယ်အရာသည် ကောင်း
မြတ်၍ ဘုရားသခင်အား ကျေနပ်နှစ်သက်စေတော်
မူသည်ကိုလည်းကောင်း၊ အဘယ်အရာသည်ပြည့်စုံ
သောအရာဖြစ်သည်ကိုလည်းကောင်း သိနိုင်ကြပါ
လိမ့်မည်။

၃ ဘုရားသခင်သည် ငါ့အား အထူးဆုကျေးဇူး
တစ်ခုကို ပေးတော်မူ၏။ ထိုအကြောင်းကြောင့် ငါ
သည် သင်တို့တွင် တစ်ယောက်ချင်းအား ပြော
စရာအချို့ရှိ၏။ သင်တို့ အမှန်ဖြစ်နေသည်ထက်
သင်တို့သည် ကောင်းမွန်သည်ဟု မထင်ကြနှင့်။
သင်တို့သည် အမှန်ဖြစ်သည် အတိုင်း ကိုယ်ကိုယ်ကို
မြင်ရကြပါမည်။ ဘုရားသခင်သည် သင်တို့အား
ပေးတော်မူသော ယုံကြည်ခြင်းအမျိုးအစားအားဖြင့်
သင်တို့သည် အဘယ်သို့သောသူဖြစ်ကြသည်ကို
စီရင်ကြပါ။ ၄ ငါတို့တွင် တစ်ယောက်စီတိုင်းတို့
သည် ကိုယ်ခန္ဓာတစ်ခုစီရှိကြ၏။ ထိုကိုယ်ခန္ဓာတွင်
အင်္ဂါအစိတ်အပိုင်းများရှိကြ၏။ ထိုအစိတ်အပိုင်း
များတို့သည် တစ်ချိန်တည်းတွင် တူညီသောအရာ
ကို ပြုကြသည်မဟုတ်။ ၅ ထိုနည်းတူ ငါတို့သည်
များသောလူစုများဖြစ်ကြ၏။ သို့သော်လည်း ငါတို့
သည် ခရစ်တော်၌ ကိုယ်ခန္ဓာတစ်ခုတည်း ဖြစ်ကြ
၏။ ငါတို့သည် ထိုအင်္ဂါအစိတ်အပိုင်းများဖြစ်ကြ၏။
သို့ဖြစ်၍ ထိုအင်္ဂါအစိတ်အပိုင်းတစ်ခုစီသည် အခြား
အစိတ်အပိုင်းအားလုံးတို့နှင့် စပ်ဆိုင်ကြ၏။ ၆ ငါတို့
အားလုံး၌ ကွဲပြား၍ ခြားနားသော ဆုကျေးဇူးများရှိ
ကြ၏။ ထိုဆုကျေးဇူးတစ်ခုစီမှာ ဘုရားသခင်သည်
ငါတို့အား ပေးတော်မူသော ကျေးဇူးတော် *(ကြင်နာ
မှု)*အားဖြင့် လာ၏။ လူတစ်ဦးသည် ပရောဖက်ပြု
သော ဆုကျေးဇူးကိုရရှိလျှင် ထိုသူသည် သူ၌ရှိသော
ယုံကြည်ခြင်းအားဖြင့် ထိုဆုကျေးဇူးကို အသုံးပြုရ
မည်။ ၇ လူတစ်ယောက်သည် အစေခံသော ဆု
ကျေးဇူး*(ဓမ္မဆရာ)*ကိုရလျှင် ထိုသူသည် အစေခံ
ရမည်။ လူတစ်ယောက်သည် သွန်သင်ခြင်းဆုကျေး
ဇူး*(ဆုံးမသြဝါဒပေးခြင်း)*ကို ရရှိလျှင် ထိုသူသည်
သွန်သင်*(ဆုံးမသြဝါဒပေး)*ရမည်။ ၈ လူတစ်ယောက်
သည် နှိုးဆော်သွေးဆောင်ခြင်း(နှစ်သိမ့်အားပေး
ခြင်း)ဆုကျေးဇူးရှိလျှင် ထိုသူသည် လူတို့အား နှိုး
ဆော်သွေးဆောင်ခြင်း*(နှစ်သိမ့်အားပေးခြင်း)* ကို
ပြုရမည်။ လူတစ်ယောက်သည် သူတပါး တို့အား
ကူညီမစရန်ပေးကမ်းစွန့်ကြဲသော ဆုကျေးဇူးကို
ရရှိလျှင် အခမဲ့လွတ်လပ်စွာပြုရမည်။ လူတစ်ယောက်
သည် ခေါင်းဆောင်မှုဆုကျေးဇူးကို ရရှိလျှင် ထိုသူ
သည် ထိုကဲ့သို့သောအမှုကို ပြုရမည်။ လူတစ်
ယောက်သည် အခြားသောသူတို့ကို ကြင်နာမှုကိုပြ
သောဆုကျေးဇူးရှိလျှင် ထိုပုဂ္ဂိုလ်သည် ထိုအရာကို
ဝမ်းမြောက်စွာ ပြုရမည်။

၉ သင်တို့၏မေတ္တာစိတ်ကို စင်ကြယ်စေကြပါ။
ဆိုးညစ်သောအရာကို စက်ဆုတ်ရွံရှာ၍မုန်းကြပါ။
ကောင်းသောအရာများကိုသာ ပြုကြပါ။ ၁၀ သင်တို့
သည် တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုမောင်
နှမများကဲ့သို့ စုံမက်၍ အချင်းချင်းချစ်ကြပါ။ သင်
တို့ကိုယ်တိုင် ချီးမွမ်းခြင်းကို ခံလိုသည်ထက် ညီ
အစ်ကိုမောင်နှမများကို ပို၍ချီးမွမ်းကြပါ။ ၁၁ သင်
တို့သည် ဘုရားသခင်၏အလိုတော်သို့ လိုက်၍ အ
လုပ်လုပ်ရာတွင် ပျင်းရိခြင်းမရှိကြနှင့်။ ဘုရားသ
ခင်အတွက် အစေခံကြရာတွင် ဝိညာဉ်သဘော
ပြည့်ဝစွာဖြင့် စိတ်နှလုံးပါလျက် လုပ်ဆောင်ကြပါ။
၁၂ သင်တို့တွင် မျှော်လင့်စရာအကြောင်းရှိသော
ကြောင့် ဝမ်းမြောက်ကြပါ။ သင်တို့သည် ဆင်းရဲ
ဒုက္ခများကြုံတွေ့ရင်ဆိုင်ရသောအခါ သည်းခံကြ
ပါ။ အချိန်တိုင်း၌ ဆုတောင်းကြပါ။ ၁၃ ကူညီမစရန်
လိုအပ်သော ဘုရားသခင်၏ လူတို့အား ဝေငှပေး
ကမ်းကြပါ။ ကူညီမစရန်လိုအပ်သောသူတို့သည်
သင်တို့၏ အိမ်သို့ရောက်လာသောအခါ ကြိုဆို၍
ဧည့်ဝတ်ပြုကြပါ။

၁၄ သင်တို့ကို ညှဉ်းဆဲ၍ မကောင်းသောအမှုကို
ပြုသောသူတို့အား ကောင်းသောအရာကို ပြောဆို
ကြပါ။ သူတို့အား ကျိန်ဆဲခြင်းကို မပြုကြနှင့်။ ၁၅ ဝမ်း
မြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်ကြရမည်။
ထိုအတူ ဝမ်းနည်းငိုကြွေးသောသူတို့နှင့်အတူ ဝမ်း
နည်းငိုကြွေးကြရမည်။ ၁၆ အချင်းချင်း စိတ်သဘော
တညီတညွတ်တည်းရှိ၍ငြိမ်းချမ်းစွာနေကြပါ။ မာန်
မာနမရှိကြပါနှင့်။ အခြားသောလူတို့၏ အမြင်၌
နိမ့်ကျသောသူတို့ကို လိုလားစွာ ပေါင်းဖော်ကြပါ။
ငါသည် ပညာရှိ ၏ဟု စိတ်ကြီးဝင်ခြင်း၊ ဘဝင်မြင့်
ခြင်း မရှိကြနှင့်။

၁၇ သင်တို့အား မကောင်းကြံသောသူတို့ကို ရန်

တုံ့မပြန်ကြနှင့်။ လူတို့ရှေ့၌ ကောင်းမြတ်သော
အရာများကို ကြိုးစား၍ ပြုကြပါ။ ၁၈ လူအပေါင်းတို့
နှင့် တတ်နိုင်သရွေ့ အသင့်အတင့်ငြိမ်းချမ်းစွာ
နေထိုင်ကြပါ။ ၁၉ ငါချစ်သောမိတ်ဆွေအပေါင်းတို့
လူတို့သည် သင်တို့ကို ပြစ်မှားပြုသောအခါ သူတို့
ကို ရန်တုံ့မမူကြနှင့်။ ဘုရားသခင်သည် ထိုသူတို့
အား မိမိအမျက်တော်ဖြင့် အပြစ်စီရင်မည်ကို
စောင့်နေကြပါ။ "ငါသည် အပြစ်စီရင်သောသူဖြစ်
၏။ ငါသည် လူတို့အား အပြစ်နှင့်အလျောက် ပြန်၍
ဆပ်ပေးမည်"ဟု ထာဝရဘုရားမိန့်တော်မူကြောင်း
ကျမ်းစာ၌ရေးသားထား၏။ ၂၀ သို့သော်လည်း သင်
တို့ပြုရမည်မှာ "သင်၏ရန်သူသည် ဆာငတ်မွတ်
သိပ်လျှင် ကျွေးမွေးပါ။ သင်တို့၏ ရန်သူသည်
ရေငတ်လျှင် သောက်ရန် ရေပေးပါ"။ ဤနည်းအား
ဖြင့် သင်တို့သည် ထိုသူကိုရှက်ကြောက် စေလိမ့်
မည်။ ၂၁ ဆိုးသောအရာက သင်တို့ကို မနိုင်စေကြ
နှင့်။ သင်တို့သည် ကောင်းသောအရာအားဖြင့် ဆိုး
သောအရာကို အောင်နိုင်ကြရပါမည်။

၁၃ သင်တို့အားလုံးသည် အစိုးရမင်းတို့၏စကား
နာခံကြရမည်။ အုပ်ချုပ်သောသူရှိသမျှအား
ဘုရားသခင်သည် အုပ်ချုပ်ရသောအခွင့်အာဏာ
ကို အပ်ပေးတော်မူ၏။ ထို့အပြင် ယခုတွင် အုပ်
ချုပ်လျက်ရှိသောလူအပေါင်းတို့သည် အခွင့်တန်
ခိုးအာဏာရှိသမျှတို့ကို ဘုရားသခင်အပ်ပေးတော်
မူသောကြောင့်သာ ရရှိကြ၏။ ၂ ထို့ကြောင့်အစိုးရ
မင်းအာဏာကိုဆန့်ကျင်သောသူသည်ဘုရားသခင်
ပညတ်ချက်ကို ဆန့်ကျင်သောသူဖြစ်၏။ အစိုးရ
မင်းအာဏာကို ဖီဆန်သောသူတို့သည် အပြစ်ဒဏ်
ပေးခြင်းကိုခံရန် ကိုယ်ကိုယ်ကို ပြုသောသူဖြစ်၏။
၃ ဖြောင့်မတ်စွာအသက်ရှင်သောသူတို့သည် အုပ်
ချုပ်သောအစိုးရမင်းတို့ကို ကြောက်ရန်အကြောင်း
မရှိပါ။ သို့သော်လည်း အပြစ်ပြုသောသူတို့သည်
အုပ်ချုပ်သောအစိုးရမင်းများကို ကြောက်ရွံ့ရ၏။
သင်တို့သည် ထိုအုပ်စိုးသောမင်းများကို ကြောက်
ရွံ့ခြင်းမှ လွတ်မြောက်ရန် အလိုရှိကြပါသလား။ ထို
သို့ဆိုလျှင် သင်တို့သည် ဖြောင့်မတ်စွာ အသက်
ရှင်ရမည်။ သင်သည် ဖြောင့်မတ်စွာအသက်ရှင်
လျှင် အုပ်စိုးသောမင်းတို့သည် သင်တို့ကို ချီးမွမ်း
လိမ့်မည်။ ၄ အုပ်စိုးသောမင်းသည် သင်တို့အား
ကူညီမည့် ဘုရားသခင်၏အစေခံကျွန်ဖြစ်၏။ သို့
သော်လည်း သင်တို့သည် အပြစ်ပြုပါက ကြောက်ရွံ့
ခြင်း ရှိလိမ့်မည်။ အုပ်စိုးသောမင်း၌ အပြစ်ကို
စီရင်ပိုင်သော တန်ခိုးအာဏာရှိ၏။ သူသည် ထို
တန်ခိုးအာဏာကို အသုံးပြု၍ အပြစ်ပြုသောသူတို့
ကို စီရင်၍အပြစ်ပေးရန် ဘုရားသခင်ခန့်ထား
တော်မူသောကျွန်ဖြစ်၏။ ၅ ထို့ကြောင့် သင်တို့သည်
အစိုးရသောမင်း၏အုပ်စိုးမှုကိုဝန်ခံရမည်။ အဘယ်
ကြောင့်ဆိုသော် သင်တို့သည် ဝန်ခံခြင်းမရှိလျှင်
အပြစ်ဒဏ်ပေးခြင်းကို ခံရလိမ့်မည်။ ထိုသို့ ဝန်ခံ
ခြင်းသည် သင်တို့ပြုအပ်သော ကောင်းသောအရာ
ဖြစ်သည်။

၆ ထိုအကြောင်းကြောင့် သင်တို့သည် အခွန်
များကိုလည်း ပေးကြရမည်။ ထိုအုပ်စိုးသောမင်း
တို့သည် ဘုရားသခင်အတွက် လုပ်ဆောင်နေကြ
ခြင်းဖြစ်၍ သူတို့၌ ရှိသမျှသောအချိန်တို့ကိုလည်း
အုပ်ချုပ်ခြင်းအမှု၌ ပေးဆပ်ကြရ၏။ ၇ သင်တို့
သည် လူအပေါင်းတို့၌ တင်သမျှသောအကြွေးများ
ကို ပေးဆောင်ရမည်။ အကယ်၍ သင်တို့၌ မည်
သည့်အခွန်မဆိုရှိပါက ထိုအခွန်ကို ပေးဆောင်
ပါ။ ရိုသေလေးစားထိုက်သောသူတို့ကို ရိုသေလေး
စားကြပါ။ ဂုဏ်ပြုချီးမြှောက်ထိုက်သော သူတို့ကို
လည်း ဂုဏ်ပြုချီးမြှောက်ကြပါ။

**သူတပါးကိုချစ်ရန် ပညတ်ခြင်း**

၈ လူတို့၌ မည်သည့်အရာကိုမျှ အကြွေးမတင်
စေနှင့်။ သို့သော် အချင်းချင်းတို့၌ ချစ်ခြင်းမေတ္တာ
အကြွေးကိုသာ တင်ကြရမည်။ သူတပါးကို ချစ်ခြင်း
မေတ္တာထားသောသူသည် အလုံးစုံသောပညတ်
တရားတော်တို့ကို နားထောင်၍ စောင့်ရှောက်ရာ
ရောက်၏။ ၉ ငါသည် အဘယ်ကြောင့် ဤအရာကို
ပြောရသနည်း။ အဘယ်ကြောင့်ဆိုသော် ပညတ်
တော်က "သင်တို့သည် သူ့မယားကို မပြစ်မှားရ။
လူ့အသက်ကို မသတ်ရ။ မခိုးရ။ သူတပါးပိုင်ဆိုင်
သောပစ္စည်းကို လိုချင်တပ်မက်ခြင်းမရှိရ"ဟု ဆို
ထား၏။ ဤပညတ်ချက်အားလုံးနှင့် အခြားသော
ပညတ်ချက်တို့မှာ "မိမိကိုယ်ကို ချစ်သကဲ့သို့ အ
ခြားသူတို့ကိုလည်း ချစ်ကြပါ"ဟူသော ပညတ်ချက်
တစ်ပါးသာဖြစ်၏။ ၁၀ ချစ်ခြင်းမေတ္တာသည် သူတပါး
အား နာကျင်ထိခိုက်ခြင်း မပြုတတ်။ ထို့ကြောင့်
ချစ်ခြင်းမေတ္တာရှိခြင်းသည် ပညတ်တော်အားလုံး
တို့ကို နာခံခြင်းဖြစ်၏။

၁၁ ငါသည် ထိုအရာတို့ကို ပြောဆို၏။ အဘယ်
ကြောင့်ဆိုသော် ငါတို့သည် အရေးကြီးသော အချိန်
ကာလ၌ အသက်ရှင်နေကြသည်ကို သင်တို့သိကြ

၏။ မှန်ပါ၏။ ယခုအချိန်သည် အိပ်နေရာမှ နိုးရ
သောအချိန်ဖြစ်၏။ ငါတို့၏ ကယ်တင်ခြင်းသည်
အစအဦး၌ ငါတို့ ယုံကြည်သောအချိန်ကထက် ပို၍
နီးလျက် ရှိ၏။ ၁၂ "ည"အချိန်သည် ကုန်ဆုံးလု၍
"နေ့"အချိန် ရောက်လုနီးဖြစ်၏။ ထို့ကြောင့် ငါတို့
သည် မှောင်မိုက်*(အပြစ်)*နှင့်သာ စပ်ဆိုင်သော
အရာများကို ပြုနေကြခြင်းမှ ရပ်တန့်ရပါမည်။ ငါ
တို့သည်အလင်း*(ကောင်းမြတ်ခြင်း)*နှင့်သာစပ်ဆိုင်
သောအရာများအတွက်သာ ကိုယ့်ကိုယ်ကိုပြင်ဆင်
ကြရပါမည်။ ၁၃ ငါတို့သည် နေ့အချိန်နှင့်စပ်ဆိုင်
သော သူတို့ကဲ့သို့ ဖြောင့်မတ်ခြင်းလမ်း၌ လျှောက်
လျက် အသက်ရှင်ကြပါစို့။ ငါတို့သည် ရိုင်းစိုင်းစွာ
ပွဲလုပ်ခြင်းဖြင့် သုံးဖြုန်းသောသူများမဖြစ်သင့်ပါ။
ငါတို့သည် သောက်ကြူးခြင်းမပြုသင့်ပါ။ ငါတို့သည်
မတရားသောမေထုန်၌ မွေ့လျော်ခြင်း၊ ကိလေသာ
ညစ်ညူးခြင်းစသည့် မည်သည့်အပြစ်ဒုစရိုက်ကိုမျှ
ငါတို့၏ကိုယ်အင်္ဂါများ၌ မပြုသင့်။ ငါတို့သည် ရန်
တွေ့ခြင်း၊ ငြင်းခုံခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ မနာလိုငြူစူ
ခြင်းများလည်း မရှိသင့်ပါ။ ၁၄ သို့သော်လည်း ကိုယ်
တိုင်သခင်ယေရှုခရစ်တော်ကို ယူ၍ ဝတ်ဆင်ရ
မည်။ သင်တို့၏ ကိုယ်ကာယတပ်မက်ခြင်းနှင့်
မကောင်းသည့်အမှုအရာများကို ပြုလိုသော ဇာတိ
စိတ်ကို ကျေနပ်စေရန် ကြံစည်တွေးတော ခြင်း
မပြုကြနှင့်။

## သူတပါးကိုပြစ်တင်ဝေဖန်ခြင်း

၁၄ ယုံကြည်ခြင်း၌ အားနည်းသောသူတို့ကို
သင်တို့၏အသိုင်းအဝိုင်းထဲ၌ လက်ခံကြ
ပါ။ သို့ရာတွင် ထိုသူတို့၏ခြားနားသော အယူအဆ
များကြောင့် ထိုသူနှင့် မငြင်းခုံကြပါနှင့်။ ၂ တစ်
ယောက်သောသူက မည်သည့်အစားအစာကိုမဆို
စားလိုလျှင် စားနိုင်သည်ဟု ယုံကြည်၏။ သို့သော်
လည်း ယုံကြည်ခြင်း၌ အားနည်းနေသော အခြား
သောသူတစ်ယောက်ကမူ ဟင်းသီးဟင်းရွက်ကို
သာ စားနိုင်သည်ဟု ယုံကြည်၏။ ၃ မည်သည့်အစား
ကိုမဆို စားနိုင်သည်ဟု သိသောသူသည် ဟင်းသီး
ဟင်းရွက်ကိုသာ စားသောသူထက် ငါသည် သာ၍
ကောင်းမြတ်သည်ဟု မထင်စေနှင့်။ ဟင်းသီးဟင်း
ရွက်ကိုသာ စားသောသူသည်လည်း အစားအစာ
အားလုံး တို့ကိုစားသောသူသည် မှားယွင်းနေသည်
ဟု မစစ်ကြောမစီရင်စေနှင့်။ ဘုရားသခင်သည်
ထိုသူကို လက်ခံတော်မူ၏။ ၄ သင်တို့သည် အခြား
သောသူပိုင်သောကျွန်ကို မစစ်ကြောမစီရင်နှင့်။
သူလုပ်သောအရာသည် မှန်သည်ဖြစ်စေ၊ မှားသည်
ဖြစ်စေ သူ့သခင် စီရင်တော်မူ၏။ သို့ဖြစ်၍ သခင်
ဘုရား၏အမှုကို ဆောင်သောသူသည် ဖြောင့်မတ်
ခြင်းရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သခင်ဘု
ရားသည် ထိုသူအား ဖြောင့်မတ်စေရန် တတ်နိုင်
တော်မူ၏။
၅ နေ့ရက်တစ်ရက်သည် အခြားနေ့ရက်တစ်
ရက်ထက် ပို၍ကောင်းသည်ဟုထင်သောသူရှိတတ်
၏။ အခြားသောသူကလည်း နေ့ရက်ရှိသမျှတို့သည်
တူညီကြပါသည်ဟု ယုံကြည်တတ်၏။ လူတိုင်း မိမိ
တို့စိတ်ထဲ၌ ယုံကြည်သည့်အတိုင်းရှိကြပါစေ။ ၆ နေ့
ရက်တစ်ရက်သည် အခြားသောနေ့ရက်ထက် သာ၍
ကောင်းမြတ်သည်ဟု ထင်သောသူသည် သခင်
ဘုရားအတွက်လုပ်ဆောင်၏။ အစားအစာမျိုးစုံတို့
ကို စားသောသူသည် သခင်ဘုရားအတွက် လုပ်
ဆောင်၏။ မှန်ပါသည်။ သူသည် ထိုအစားအစာအ
တွက် သခင်ဘုရားအား ကျေးဇူးတင်လျက်ရှိ၏။
အချို့သော အစားအစာများကို စားဖို့ရန် ငြင်းဆို
သောသူသည်လည်း သခင်ဘုရားအတွက် လုပ်
ဆောင်၏။ သူသည် ဘုရားသခင်အား ကျေးဇူး
တင်လျက်ရှိ၏။ ၇ မှန်ပါသည်။ ငါတို့အားလုံးတို့
သည် သခင်ဘုရားအတွက် အသက်ရှင်ကြ၏။ ငါ
တို့၏အသက်ရှင်ခြင်း သို့မဟုတ် သေခြင်းအရာတို့
သည် ငါတို့အတွက်ဖြစ်သည် မဟုတ်။ ၈ ငါတို့
သည် အသက်ရှင်လျှင် သခင်ဘုရားအတွက်သာ
အသက်ရှင်နေကြခြင်းဖြစ်၏။ သေလျှင်လည်း သခင်
ဘုရားအတွက်သာ သေခြင်းဖြစ်ကြ၏။ ထို့ကြောင့်
အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ငါတို့ကို
သခင်ဘုရား ပိုင်တော်မူ၏။
၉ ထိုအကြောင်းကြောင့် ခရစ်တော်သည် အသေ
ခံတော်မူ၍ တစ်ဖန် အသက်ရှင်ရန် သေခြင်းမှ ထ
မြောက်တော်မူ၏။ ခရစ်တော်သည် ထိုသို့ပြုတော်မူ
သောကြောင့် သေသောသူတို့နှင့် အသက်ရှင်သော
သူတို့၏ သခင်*(အုပ်စိုးသူ)*ဖြစ်တော်မူ၏။ ၁၀ ထို့
ကြောင့် သင်တို့ သည် အဘယ်ကြောင့် ခရစ်တော်
၌ သင်တို့၏ညီအစ်ကိုတို့အား စစ်ကြောစီရင်ကြပါ
သနည်း။ သင်တို့သည် သင်တို့၏ ညီအစ်ကိုများ
ထက် သာ၍ကောင်းမွန်သည်ဟု ကိုယ့်ကိုယ်ကို
အဘယ်ကြောင့် ထင်ကြပါသနည်း။ ငါတို့အားလုံး
သည် ဘုရားသခင်၏ရှေ့တော်မှောက်၌ ရပ်ရကြ
လိမ့်မည်။ သူသည်လည်း ငါတို့အားလုံးကို တရား

စီရင်တော်မူလိမ့်မည်။ ၁၁ မှန်ပါသည်။ ကျမ်းစာ၌
ဤသို့ရေးထား၏။

"လူတိုင်း ငါ့ရှေ့၌ ဒူးထောက်ကြရမည်၊
ငါသည် ဘုရားသခင်ဖြစ်တော်မူသည်ကို
လူတိုင်း ဝန်ခံပြောဆိုကြရမည်၊
ငါသည် အသက်ရှင်တော်မူသည်အတိုင်း
ဤအရာများဖြစ်ကြလိမ့်မည်ဟု
ထာဝရဘုရား (ဘုရားသခင်) မိန့်တော်မူ၏"

*ဟေရှာယ ၄၅:၂၃*

၁၂ ထို့ကြောင့် ငါတို့ရှိသမျှသည် ဘုရားသခင်အား
ကိုယ့်အကြောင်းတို့ကို ဖွင့်ဟဝန်ခံ၍ စစ်ကြော
တော်မူခြင်းကို ခံရကြလိမ့်မည်။

## သူတပါးအား အပြစ်သို့ သွေးဆောင်ခြင်း

၁၃ ထို့ကြောင့် ငါတို့သည် အချင်းချင်းစစ်ကြော
စီရင်ခြင်းကို ရပ်ကြစို့။ ညီအစ်ကိုမောင်နှမတို့ကို
အားနည်းစေရန်သော်လည်းကောင်း၊ အပြစ်ဒုစရိုက်
ထဲသို့ ထိမိ၍ လဲစေရန်သော်လည်း ကောင်းဖြစ်စေ
သောအရာတစ်ခုမျှ မရှိစေရန် ငါတို့သည် စီရင်ကြ
ရမည်။ ၁၄ ငါသည် သခင်ယေရှု၌ ရှိ၏။ မစား
ကောင်းသောအစာဟူ၍ မရှိသည်ကို ငါသိ၏။ သို့
သော်လည်း လူတစ်ယောက်သည် တစ်စုံတစ်ရာကို
မှားသည်ဟု ထင်မြင်လျှင် ထိုအရာသည် သူ့အတွက်
မှားယွင်းစရာဖြစ်၏။ ၁၅ သင်သည် တစ်စုံတစ်ရာကို
စားသောကြောင့် သင့်ညီ အစ်ကို၏ ယုံကြည်ခြင်း
ကို ထိခိုက်စေပါက သင်သည် မေတ္တာလမ်း၌ အမှန်
လိုက်လျှောက်ခြင်း မရှိ။ လူတစ်ယောက်က မှားယွင်း
သည်ဟု ထင်ရသောအရာတို့ကို စားသုံးခြင်းအား
ဖြင့် သူ၏ယုံကြည်ခြင်းကို မပျက်စီးစေပါနှင့်။
ခရစ်တော်သည် ထိုသူအတွက် အသေခံတော်မူ၏။
၁၆ သင်တုက ကောင်းသောအရာဖြစ်သည်ဟု ထင်
သော်လည်းအခြားသော သူတို့က ဆိုးသောအရာ
ဖြစ်သည်ဟု ဆိုစရာရှိသော တစ်စုံတစ်ရာမျှ မရှိစေ
ကြပါနှင့်။ ၁၇ ဘုရားသခင်၏နိုင်ငံတော်၌ စားခြင်း၊
သောက်ခြင်းတို့သည် အရေးကြီးသည် မဟုတ်။
ဘုရားသခင်၏နိုင်ငံတော်၌ အရေးကြီးသောအရာ
တို့မှာ ဘုရားသခင်နှင့် ဖြောင့်မတ်စွာအသက်ရှင်
ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်
၌ ဝမ်းမြောက်ခြင်းတို့ဖြစ်၏။ ၁၈ ထိုသို့သော အသက်
ရှင်ခြင်းအားဖြင့် ခရစ်တော်၏အမှုကို ဆောင်ရွက်
သောသူသည် ဘုရားသခင်ရှေ့တော်၌နှစ်သက်ဖွယ်
ဖြစ်၏။ ထို့အပြင် ထိုသူသည် အခြားသောသူတို့၏
ချီးမွမ်းဖွယ်၊ လက်ခံဖွယ်ရာလည်းဖြစ်လိမ့်မည်။

၁၉ ထို့ကြောင့် ငြိမ်သက်ခြင်းကို ဖြစ်စေသော
အရာများကို ငါတို့သည် တတ်နိုင်သရွေ့ကြိုးစားပြီး
လုပ်ဆောင်ကြပါစို့။ အချင်းချင်းတို့အား ကူညီမစ
ခြင်းကိုဖြစ်စေသောအရာများတို့ကိုလည်း ငါတို့သည်
ကြိုးစား၍ လုပ်ဆောင်ကြပါစို့။ ၂၀ ဘုရားသခင်၏
အမှုတော်ကို သင်တို့စားသော အစား အစာအားဖြင့်
မပျက်စီးစေကြနှင့်။ အစားအစာအားလုံးသည် စား
ရန်စင်ကြယ်ပါ၏။ သို့သော်လည်း အခြားသောသူ
တစ်ယောက်အား အပြစ်ဒုစရိုက်ထဲသို့ လဲစေရန်
တစ်စုံတစ်ရာကို စားသော သူသည် မှားယွင်း၏။
၂၁ အသားကို စားခြင်းဖြင့်သော်လည်းကောင်း၊ စပျစ်
ရည်ကို သောက်ခြင်း ဖြင့်သော်လည်းကောင်း သင်
တို့၏ ညီအစ်ကိုမောင်နှမတို့အား အပြစ်ဒုစရိုက်
ထဲသို့ လဲစေမည်ဆိုလျှင် မစားမသောက်ဘဲနေခြင်း
သည် သာ၍ကောင်း၏။ သင်တို့၏ညီအစ်ကိုမောင်
နှမတို့အား အပြစ်ဖြစ်စေသော အရာမှန်သမျှကို
မလုပ်ဘဲနေခြင်းသည် သာ၍ ကောင်း၏။
၂၂ ထိုအကြောင်းများ၌ သင်တို့၏ ယုံကြည်ခြင်း
ကို ဘုရားသခင်နှင့် သင်တို့စပ်ကြား၌သာ လျှို့
ဝှက်စွာ ထားကြပါ။ လူသည် မိမိ၏ စိတ်ထဲ၌ အပြစ်
တင်စရာမရှိ၊ မှန်ကန်သည်ဟု ထင်မှတ်သောအရာ
များတို့ကို လုပ်ဆောင်နိုင်လျှင် ထိုသူသည် မင်္ဂလာ
ရှိသော *(ဝမ်းမြောက်သော)* သူဖြစ်၏။ ၂၃ သို့သော်
လည်း လူသည် မိမိစိတ်ထဲ၌ မှန်ကန်သည်ဟု အသေ
အချာထင်မှတ်ခြင်းမရှိဘဲ တစ်စုံတစ်ရာကို စားမိ
ပါက ထိုသူသည် ကိုယ်ကိုယ်ကို မှားယွင်းစေသော
သူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည်
မှန်ကန်သည်ဟု မယုံကြည်သောကြောင့်ဖြစ်၏။ ထို့
အပြင် လူသည် မည်သည့်အရာကိုမဆို ယုံကြည်
ခြင်းမရှိဘဲ ပြုလျှင် အပြစ်ရှိ၏။

၁၅ ငါတို့သည် ယုံကြည်ခြင်း၌အားကြီး ကြ၏။
ထို့ကြောင့် အားနည်းနေသောသူတို့ကို
ကူညီဖေးမရမည်။ မိမိတို့၏အားနည်းခြင်းအမှုများ
အတွင် ငါတို့သည် ကူညီမစကြရမည်။ ငါတို့သည်
ကိုယ့်အကျိုးကို မရှာသင့်။ ၂ ငါတို့ရှိသမျှသည် သူ
တစ်ပါးတို့၏ အကျိုးကို ရှာကြရမည်။ ငါတို့သည်
ထိုအမှုကိုပြုခြင်းအားဖြင့် သူတို့ကို ကူညီရမည်။
ထိုသူတို့သည် ယုံကြည်ခြင်း၌ ပို၍အားကြီး စေရန်
ငါတို့သည် ကြိုးစား၍ ကူညီရမည်။ ၃ ခရစ်တော်ပင်
လျှင် ကိုယ့်အလိုသို့ လိုက်၍ အသက်မရှင်။ ကိုယ်
တော်၏အကြောင်း သမ္မာကျမ်းစာ၌ ဆိုထားသည်
မှာ "ကိုယ်တော်ကို ကဲ့ရဲ့သောထိုလူမျိုးတို့သည် အ

ကျွန်ုပ်ကိုလည်း ကဲ့ရဲ့ကြ၏”ဟူ၍ဖြစ်၏။ ၄ လွန်ခဲ့
ပြီးသောအချိန်၌ ရေးထားခဲ့သမျှသော အရာ
ခပ်သိမ်းတို့သည် ငါတို့အား ဆုံးမသွန်သင်ရန်နှင့်
ငါတို့၌ မျှော်လင့်စရာအကြောင်းရှိစေရန် ထိုအရာ
တို့ကိုရေးသားထား၏။ ထိုမျှော်လင့်ခြင်းမှာ ကျမ်းစာ
၌ ငါတို့အား ဆုံးမသွန်သင်သည့်အတိုင်း စိတ်ရှည်
ခြင်း၊ သည်းခံခြင်း၊ ခွန်အားရှိခြင်းတို့မှ လာ၏။
၅ စိတ်ရှည်ခြင်း၊ သည်းခံခြင်းနှင့် ခွန်အားရှိခြင်းတို့
သည် ဘုရားသခင်ထံမှ လာ၏။ ခရစ်တော်ယေရှု၏
အလိုတော်အတိုင်း သင်တို့ အားလုံးတို့ကို ကူညီ
မစစေရန် ငါသည် ဘုရားသခင်ထံ ဆုတောင်း၏။
၆ ထို့နောက်သင်တို့အားလုံးသည် တစ်ညီတစ်ညွတ်
တည်းရှိကြလိမ့်မည်။ ထိုသို့ သင်တို့အားလုံးသည်
ငါတို့သခင်ယေရှုခရစ်တော်၏ခမည်းတော်တည်း
ဟူသော ဘုရားသခင်အား တစ်ညီတစ်ညွတ်တည်း
ဘုန်းအသရေတော် *(ချီးမွမ်းခြင်း)* ကိုပေးကြပါလိမ့်
မည်။ ၇ ခရစ်တော်သည် သင်တို့ကို လက်ခံတော်
မူ၏။ ထို့ကြောင့် သင်တို့သည်လည်း အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် လက်ခံကြရမည်။ ထို
အရာများအားဖြင့် ဘုရားသခင်၏ ဘုန်းအသရေ
တော်သည် ထင်ရှားပါလိမ့်မည်။ ၈ ဘုရားသခင်၏
ကတိတော်များသည် အမှန်တည်ကြောင်းကို ထင်
ရှားစေရန် ခရစ်တော်သည် ဂျူးလူမျိုးတို့အတွက်
အစေခံရကြောင်းကို ငါသည် သင်တို့အား ပြောဆို
၏။ ဘုရားသခင်သည် ဂျူးလူမျိုးတို့၏ ဘိုးဘေးများ
အား ကတိထားတော်မူသည်အတိုင်းပြုတော်မူလိမ့်
မည်အကြောင်းကို ခရစ်တော်သည် ထင်ရှားစွာ
သက်သေထူတော်မူ၏။ ၉ ခရစ်တော်သည် ထိုအရာ
တို့ကို ပြုတော်မူ၏။ ထို့ကြောင့် ဂျူးလူမျိုး မဟုတ်
သော အခြားသောလူမျိုးတို့သည် သူတို့ အပေါ်သို့
ဘုရားသခင်ပေးသော သနားခြင်းကရုဏာတော်
အတွက် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ချီး
မြှောက်ကြရမည်ဖြစ်၏။ ကျမ်းစာ၌

“ထို့ကြောင့်ငါသည် ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့ကြား၌ ချီးမွမ်းမည်၊
ငါသည် ကိုယ်တော်၏နာမကို
ထောပနာသီချင်းဆိုမည်”

ဟု ရေးထား၏။ *ဆာလံ ၁၈:၄၉*
၁၀ ကျမ်းစာ၌ ဆိုပြန်သည်မှာ

“ဂျူးလူမျိုးမဟုတ်သော သင်တို့သည်
ဘုရားသခင်၏လူတို့နှင့်အတူတကွ
ဝမ်းမြောက်ခြင်းရှိလိမ့်မည်”

ဟု ရေးထား၏။ *တရား ၃၂:၄၃*
၁၁ တစ်ဖန်ကျမ်းစာ၌ ဆိုပြန်သည်မှာ

“ဂျူးလူမျိုးမဟုတ်သောလူမျိုးတို့
ထာဝရဘုရားကို ချီးမွမ်းကြပါ၊
လူမျိုးအပေါင်းတို့သည်
ထာဝရဘုရားကို ချီးမွမ်းကြရလိမ့်မည်”

ဟု ရေးထား၏။ *ဆာလံ ၁၁၇:၁*
၁၂ တစ်ဖန် ပရောဖက်ဟေရှာယက

“ယေရှဲ၏အမျိုးအနွယ်ထဲမှ
လူတစ်ယောက်ပေါ်လာလိမ့်မည်၊
ထိုလူသည် ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုးအပေါ်၌
အုပ်စိုးရသောအခွင့်ရှိလိမ့်မည်၊
ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့သည်
ထိုသူအားဖြင့် မျှော်လင့်ခြင်းကို
ရရှိကြလိမ့်မည်”

*ဟေရှာယ ၁၁:၁၀*

၁၃ သင်တို့သည် ကိုယ်တော်၌ ကိုးစားခြင်းရှိနေ
စဉ် သင်တို့၌ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်း
ပြည့်ဝစွာ ခံစားရစေရန် သင်တို့အား မျှော်လင့်ခြင်း
ကိုပေးတော်မူသော ဘုရားသခင်ကို ငါဆုတောင်း
၏။ ထို့နောက် သင်တို့၌ မျှော်လင့်ခြင်းသည် ပို၍
ကြွယ်ဝလိမ့်မည်။ ထို့အပြင် ထိုမျှော်လင့်ခြင်းသည်
သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် သင်
တို့၏အထဲမှ စီးထွက်လိမ့်မည်။

## ရှင်ပေါလုက သူ၏အမှုတော်အကြောင်းကို ပြောဆိုခြင်း

၁၄ ငါ၏ညီအစ်ကိုမောင်နှမများတို့ သင်တို့သည်
ကောင်းသောပကတိသဘောနှင့် ပြည့်စုံကြသည်
ကို ငါအမှန်သိ၏။ သင်တို့သည် အချင်းချင်းတစ်
ယောက်ကို တစ်ယောက်ဆုံးမသွန်သင်ရန် လိုအပ်
သော ဉာဏ်ပညာရှိကြသည်ကို ငါသိ၏။ ၁၅ သို့
သော်လည်း သင်တို့အား ငါအောက်မေ့သတိရစေ
လိုသောအရာများကို ငါသည် သင်တို့အား ရဲရင့်
ပွင့်လင်းစွာ ရေးလိုက်ပါ၏။ ငါသည် ထိုကဲ့သို့ပြု
ရခြင်းမှာ ဘုရားသခင်သည် ငါ့အား ဤအထူး ဆု
ကျေးဇူးကို ပေးတော်မူ၏။ ၁၆ ယေရှုခရစ်တော်၏
အမှုဆောင်ဖြစ်စေ၏။ ဘုရားသခင်သည် ငါ့အား
ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုးတို့ကို
ကူညီမစခြင်းအမှုကို လုပ်ဆောင်ရန် ခန့်ထားတော်
မူ၏။ ငါသည် ဝမ်းမြောက်စရာသတင်းကောင်းကို

ဟောပြောသွန်သင်ခြင်းအားဖြင့် ဘုရားသခင်၏အမှု
ကိုဆောင်ရွက်လေ၏။ ထို့ကြောင့် ဂျူးလူမျိုးမဟုတ်
သော အခြားသောလူမျိုးတို့သည် ဘုရားသခင်
လက်ခံမည့်အကြောင်း နှစ်သက်ဖွယ်သောပူဇော်
ဆက်ကပ်ခြင်းဖြစ်စေရန် ငါသည် ထိုအမှုကို ပြု၏။
ထိုလူမျိုးတို့ကို သန့်ရှင်းသောဝိညာဉ်တော်သည်
ဘုရားသခင်အတွက် သန့်ရှင်းစေတော်မူ၏။
၁၇ ထို့ကြောင့် ငါသည် ဘုရားသခင်အတွက်
ခရစ်တော်ယေရှု၌ ပြုခဲ့ပြီးသော အမှုအရာများတို့
ကြောင့် ဝါကြွားဝမ်းမြောက်ခြင်းရှိ၏။ ၁၈ ငါပြုခဲ့သော
မည်သည့်အရာတစ်ခုကိုမျှ ကိုယ်အလိုအလျောက်
ဟောပြောမည် မဟုတ်။ ဂျူးလူမျိုး မဟုတ်သော
အခြားသောလူမျိုးတို့သည် ဘုရားသခင်စကားကို
နားထောင်ကြရန် ဦးဆောင်လမ်းပြခြင်းဟူသော
ခရစ်တော်သည် ငါနှင့်အတူ လုပ်ဆောင်သမျှတို့
ကိုသာ ငါသည် ဟောပြောမည်။ သူတို့သည် ဘုရား
သခင့်စကားကို နားထောင်ကြ၏။ အဘယ်ကြောင့်
ဆိုသော် ငါဟောပြောသောအရာနှင့် ငါပြုသောအမှု
တို့ကြောင့်ဖြစ်၏။ ၁၉ တစ်ဖန်သူတို့သည် ဘုရား
သခင်၏စကားကို နားထောင်၏။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်
၏ တန်ခိုးတော်အားဖြင့် သူတို့မြင်ခဲ့သော တန်ခိုး
ကြီးသောနိမိတ်လက္ခဏာများနှင့် ကြီးမားသောအ
ရာများတို့ကြောင့်ဖြစ်၏။ ငါသည် ဝမ်းမြောက်စရာ
သတင်းကောင်းကို ယေရုရှလင်မြို့မှစ၍ ဣလုရိတ်
ပြည်တိုင်အောင် ပတ်ဝန်းကျင်အရပ်တို့၌ ဟော
ပြောခဲ့၏။ ထို့ကြောင့် ငါဆောင်သောအမှုဖြစ်သည့်
ဝမ်းမြောက်စရာသတင်းကောင်းအကြောင်းကို
အကုန်အစင် ဟောပြော၏။ ၂၀ ငါသည် ခရစ်တော်
အကြောင်းကို တစ်ကြိမ်တစ်ခါမျှ မကြားဘူးသော
အရပ်ဒေသတို့၌ ဝမ်းမြောက်စရာသတင်းကောင်း
ကို ဟောပြောရန် အစဉ်အမြဲအလိုရှိ၏။ အဘယ်
ကြောင့်ဆိုသော် ငါသည် အခြားသောသူတို့ အစပြု
၍ လုပ်ဆောင်ခဲ့ပြီးသောအမှုအပေါ်၌ ထပ်ဆင့်၍
အမှုတော်ကို မတည်ဆောက်လိုသောကြောင့်ဖြစ်
သည်။ ၂၁ ကျမ်းစာ၌

"ထိုသူ *(ခရစ်တော်)*၏အကြောင်းကို
အဘယ်သူမျှ မပြောခဲ့ဘူးသော
လူတို့သည် မြင်ကြလိမ့်မည်၊
ထိုသူ၏အကြောင်းကို မကြားခဲ့ဘူးသော
လူတို့သည် နားလည်ကြလိမ့်မည်"

ဟု ရေးထား၏။ *ဟေရှာယ ၅၂:၁၅*

## ရှင်ပေါလုသည် ရောမမြို့သို့သွားရန်ပြင်ဆင်ခြင်း

၂၂ ထိုအကြောင်းကြောင့် ငါသည် သင်တို့ရှိရာ
သို့မလာရန် တားဆီးခြင်းကို ခံရ၏။
၂၃ ယခုတွင် ဤအရပ်ဒေသ၌ ငါဆောင်ရွက်
စရာအမှုများကို ပြီးစီးပြီးဖြစ်၏။ ငါသည် သင်တို့ရှိ
ရာသို့ လာရန် နှစ်ပေါင်းများစွာ ကပင် အလိုရှိခဲ့၏။
၂၄ ထို့ကြောင့် ငါသည် စပါနိပြည် *(စပိန်)*သို့ ခရီး
သွားသောအခါ သင်တို့ရှိရာသို့ ငါလာမည်။ မှန်ပါ
သည်။ ငါသည် စပါနိပြည် *(စပိန်)*သို့ ခရီးသွားစဉ်
တွင် သင်တို့ရှိရာသို့လာမည်။ သင်တို့နှင့်အတူ
နေ၍ ပျော်ရွှင်မည်ဟု ငါမျှော်လင့်၏။ ထို့နောက်
သင်တို့သည် ငါ၏ခရီးစဉ်ကို ကူညီနိုင်ကြပါမည်။
၂၅ ယခုတွင် ငါသည် ဘုရားသခင်၏လူတို့အား
ကူညီမစရန် ယေရုရှလင်မြို့သို့သွားဦးမည်။ ၂၆ ယေရု
ရှလင်မြို့၌ရှိသော ဘုရားသခင်၏လူအချို့တို့မှာ
ဆင်းရဲနွမ်းပါးလျက်ရှိကြ၏။ မာကေဒေါနိပြည်နှင့်
အခါယပြည်၌ရှိသော ယုံကြည်သူများတို့သည် မိမိ
တို့၏ ဥစ္စာကိုဝေမျှ၍ စေတနာစိတ်နှင့်ပေးလှူကြ
ရာတွင် ဝမ်းမြောက်ကြ၏။ သူတို့သည် ယေရုရှလင်
မြို့၌ ရှိသောသူတို့အား ကူညီရန် ပေးလှူကြ၏။
၂၇ မာကေဒေါနိပြည်နှင့်အခါယပြည်တို့တွင်ရှိသော
ယုံကြည်သူများသည် ထိုအမှုများကို ပြုကြရာတွင်
ဝမ်းမြောက်ပျော်ရွှင်ကြ၏။ သူတို့သည် ယေရုရှလင်
မြို့၌ရှိသော ယုံကြည်သူများတို့အား အမှန်ကူညီကြ
၏။ ထိုသူတို့သည် ဂျူးလူမျိုးတို့နှင့်အတူ ဝိညာဉ်
ပိုင်း၌ကောင်းချီးမင်္ဂလာများကိုဝေမျှခံစားကြသော
အခြားသောလူမျိုးများဖြစ်ကြသောကြောင့် ပါဝင်
ကူညီကြခြင်းဖြစ်၏။ ထို့ကြောင့် ထိုသူတို့သည် ဂျူး
လူမျိုးတို့ကိုကူညီရန် မိမိတို့၌ရှိသော အရာများကို
အသုံးပြုရပါမည်။ သူတို့သည် ထိုအရာတို့ကို
ဂျူးလူမျိုးတို့၌ အကြွေးတင်လျက်ရှိ၏။ ၂၈ ယေရုရှ
လင်မြို့၌ရှိသည့် ဆင်းရဲနွမ်းပါးသောသူတို့သည်
သူတို့အတွက် ပေးလှူသော အလှူငွေအားလုံးကို
လက်ခံရကြမည်အကြောင်း ငါသည် အသေအချာ
ဆောင်ရွက်ရပါမည်။ ငါသည် ထိုအမှုကို ပြီးစီး
သောအခါစပါနိပြည် *(စပိန်)*သို့ သွားမည်။ ငါသည်
စပါနိပြည်သို့ ခရီးသွားစဉ်တွင်သင်တို့ရှိရာသို့ ဝင်
လာပါမည်။ ၂၉ ငါသည်သင်တို့ရှိရာသို့ လာသောအ
ခါ ခရစ်တော်၌ပါသော ကောင်းချီး မင်္ဂလာပြည့်ဝ
လျက် ရောက်လာလိမ့်မည်ဟု ငါမျှော်လင့်၏။
၃၀ ညီအစ်ကိုမောင်နှမများတို့ ငါ့အဖို့ ဘုရား
သခင်ကို ဆုတောင်းပေးခြင်းဖြင့် ငါပြုသော အမှု

များ၌ ကူညီရန် သင်တို့အား တောင်းပန်၏။ ငါတို့
အား သခင်ယေရှုနှင့် ငါ့တို့အား သန့်ရှင်းသော
ဝိညာဉ်တော်ကို ပေးတော်မူသောကြောင့် ထိုအရာ
တို့ကို ပြုကြပါ။ ၃၁ ငါသည် ယုဒပြည်၌ရှိသော မယုံ
ကြည်သောသူများတို့၏လက်မှ ဘေးကင်းလုံခြုံရ
ပါမည် အကြောင်း ဆုတောင်းကြပါ။ ငါယူဆောင်
လာသော ပံ့ပိုးငွေသည် ယေရုရှလင်မြို့၌ ရှိသော
ဘုရားသခင်၏လူတို့အတွက် ဝမ်းမြောက်စရာ
အကြောင်းဖြစ်စေရန်လည်း ဆုတောင်းကြပါ။ ၃၂ ထို့
နောက် ဘုရားသခင်အလိုတော်ရှိလျှင် ငါသည်
သင်တို့ရှိရာသို့ လာပါမည်။ ငါသည် ဝမ်းမြောက်
ခြင်းနှင့် လာပါမည်။ ငါသည် သင်တို့နှင့်အတူ
ငြိမ်သက်စွာနားနေသော အချိန်လည်းရှိလိမ့်မည်။
၃၃ ငါတို့အား ငြိမ်သက်ခြင်းကို ပေးတော်မူသော
ဘုရားသခင်သည် သင်တို့အားလုံးတို့နှင့်အတူ
တည်ရှိတည်နေတော်မူပါစေသော။ အာမင်

## ရှင်ပေါလု၏ နောက်ဆုံးအမှာစကား

၁၆ ခရစ်တော်၌ ငါတို့၏ ညီမဖြစ်သော ဖိဗေ
ကိုသင်တို့သည် ယုံကြည်ရန် ငါအလိုရှိ၏။
သူမသည် ကင်ခြေမြို့၌ရှိသော အသင်းတော်ကို
အထူးကူညီသောသူ (သင်းထောက်မိန်းမသို့မဟုတ်
တည်ကြည်သောမိန်းမ)ဖြစ်၏။ ၂ သင်တို့သည် သူမ
အား သခင်ဘုရား၌ လက်ခံကြရန် ငါတောင်းပန်
၏။ ဘုရားသခင်၏ လူတို့ပြုသည်နည်းတူ သူမကို
လက်ခံကြပါ။ သင်တို့သည် သူမလိုအပ်သမျှကို
ကူညီမစကြပါ။ သူမသည်လည်း ငါ့အား များစွာကူ
ညီ၏။ သူမသည် အခြားသူများကိုလည်း ကူညီခဲ့ပြီ။
၃ ပြစ်ကိလနှင့် အာကုလတို့ကိုလည်း နှုတ်
ဆက်ကြပါ။ သူတို့သည် ငါနှင့်အတူ ယေရှုခရစ်
တော်၏ အမှုတော်ကို ဆောင်ရွက်သောသူ ဖြစ်၏။
၄ သူတို့သည် ငါ့အသက်ကို ကယ်ရန် မိမိတို့ အ
သက်များကို စွန့်ခဲ့ကြ၏။ ငါသည် သူတို့အား အထူး
ကျေးဇူးတင်လျက်ရှိ၏။ ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုး အသင်းတော်များအားလုံးတို့က
လည်း ကျေးဇူးတင်ကြ၏။ ၅ သူတို့၏နေအိမ်၌ တွေ့
ဆုံသောအသင်းတော်ကိုလည်း နှုတ်ဆက်ကြပါ။
ငါ၏မိတ်ဆွေဧပဲနက်ကိုလည်း နှုတ်ဆက်ကြ
ပါ။ သူသည် အာရှပြည်၌ ခရစ်တော်၏ နောက်
တော်သို့ ပထမဦးဆုံး လိုက်သောသူဖြစ်၏။ ၆ မာရိ
ကိုလည်း နှုတ်ဆက်ကြပါ။ သူမသည် သင်တို့အ
တွက် အလွန်ကြိုးစား၍ အမှုကိုဆောင်ရွက်၏။
၇ အန္ဒြောနိတ်နှင့် ယုနိတို့ကိုလည်း နှုတ်ဆက်ကြ
ပါ။ သူတို့သည် ငါ့အမျိုးသားချင်းဖြစ်၍ငါနှင့်အတူ
အကျဉ်းခံခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏အရေး
အပါဆုံးသော အမှုတော်ဆောင်များထဲ၌ ပါဝင်ကြ
၏။ သူတို့သည် ငါ့ထက်အရင် ခရစ်တော်ကို ယုံ
ကြည်ကြသောသူများလည်းဖြစ်ကြ၏။ ၈ ဘုရားသခင်
၌ ငါချစ်သောမိတ်ဆွေ အမ္ပလိကိုလည်း နှုတ်ဆက်
ကြပါ။ ၉ ဥရဗန်ကိုလည်း နှုတ်ဆက်ကြပါ။ သူသည်
ခရစ်တော်အတွက် ငါနှင့်အတူ အမှုဆောင်သော
သူဖြစ်၏။ ငါချစ်သောမိတ်ဆွေ သတာခုကိုလည်း
နှုတ်ဆက်ကြပါ။ ၁၀ အပေလေကိုလည်း နှုတ်ဆက်
ကြပါ။ သူသည် ခရစ်တော်ကို အမှန်ချစ်သောသူ
ဖြစ်သည်ကို စမ်းသပ်ခံရ၍ သက်သေထူသောသူ
ဖြစ်၏။ အရိတ္တောဗုလု၏ အိမ်သူအိမ်သားအားလုံး
တို့ကိုလည်း နှုတ်ဆက်ကြပါ။ ၁၁ ငါ၏ဆွေမျိုး ဟေ
ရောဒျုန်ကို နှုတ်ဆက်ကြပါ။ သခင်ဘုရားပိုင်
တော်မူသော နာကိသု၏ အိမ်သူအိမ်သားအားလုံး
တို့ကိုလည်း နှုတ်ဆက်ကြပါ။ ၁၂ တရုဖဲနနှင့် တရု
ဖောသတို့ကိုလည်း နှုတ်ဆက်ကြပါ။ ထိုမိန်းမတို့
သည် သခင်ဘုရားအတွက် အမှုတော်ကို အလွန်
ကြိုးစား၍လုပ်ဆောင်ကြ၏။ ငါချစ်သောမိတ်ဆွေ
ပေရသိ ကိုလည်း နှုတ်ဆက်ကြပါ။ သူမသည်လည်း
သခင်ဘုရားအတွက် အမှုတော်ကို အလွန်ကြိုးစား
၍ လုပ်ဆောင်ခဲ့၏။ ၁၃ ရုဖုကို နှုတ်ဆက်ကြပါ။
သူသည် သခင်ဘုရား၏ အထူးမွန်မြတ်သောပုဂ္ဂိုလ်
တစ်ပါးဖြစ်၏။ သူ၏မိခင်ကို နှုတ်ဆက်ကြပါ။ သူမ
သည် ငါ၏မိခင်ဖြစ်၏။ ၁၄ အသုံကြိတ်၊ ဖလေကုန်၊
ဟေရမ၊ ပတ်ရောဘ၊ ဟေရမေမှစ၍ သူတို့နှင့်
အတူနေသော ခရစ်တော်၏ညီအစ်ကိုများအား
လုံးတို့ကို နှုတ်ဆက်ကြပါ။ ၁၅ ဖိလောလုပ်၊ ယုလိ၊
နေရု၊ နေရုညီမနှင့် ဩလုမ္ပတို့ကို နှုတ်ဆက်ကြ
ပါ။ သူတို့နှင့်အတူနေသော သန့်ရှင်းသူအပေါင်း
*(ယုံကြည်သူများ)* တို့ကိုလည်း နှုတ်ဆက်ကြပါ။
၁၆ သင်တို့သည် အချင်းချင်းတစ်ယောက်ကို တစ်
ယောက်တွေ့ဆုံကြသောအခါ သန့်ရှင်းသောနမ်း
ခြင်းဖြင့် နှုတ်ဆက်ကြပါ။ ခရစ်တော်၏ အသင်း
တော်အားလုံးတို့ *(ယုံကြည်သူအစုအဝေး)*သည်သင်
တို့ကို နှုတ်ဆက်ကြ၏။
၁၇ ညီအစ်ကိုမောင်နှမများတို့ အချင်းချင်းဆန့်
ကျင်ဘက်ဖြစ်စေသော သူတို့ကို အလွန်သတိကြီး
စွာဖြင့် ရှောင်ကြရန် ငါသတိပေး၍ တောင်းပန်၏။
အခြားသောသူတို့၏ ယုံကြည်ခြင်းကို ကမောက်

ကမဖြစ်အောင် မှောက်လှန်သောသူတို့ကို အလွန်
သတိကြီးစွာ ရှောင်ကြပါ။ ထိုသူတို့သည် သင်တို့
ခံယူသော ဆုံးမသွန်သင်ခြင်းဩဝါဒတို့ကို ဆန့်
ကျင်ဘက်ပြုကြ၏။ ထိုသူတို့မှ ဝေးစွာရှောင်ကြပါ။
၁၈ ထိုသို့သောသူတို့သည် ငါတို့၏သခင်ခရစ်တော်
၏အမှုကို မဆောင်ရွက်ကြပါ။ သူတို့သည် ကိုယ်ကျိုး
အတွက် ကိုယ်အမှုကိုဆောင်ရွက်ကြ၏။ သူတို့သည်
အပြစ်ကင်း၍စိတ်ကောင်းရှိသောသူတို့ကို လောက
ဝတ်စကားဖြင့် ချော့မော့လှည့်စားတတ်ကြ၏။ ၁၉ သင်
တို့သည် ယုံကြည်၍ နားထောင်ကြသည့်အကြောင်း
ကို ယုံကြည်သူများအားလုံးတို့သည် ကြားသိရကြ
၏။ ငါသည် သင်တို့ကြောင့် အလွန်ဝမ်းမြောက်
ပျော်ရွှင်လျက်ရှိ၏။ သို့သော်လည်း ငါသည် သင်
တို့အား ကောင်းသောအမှုအရာများတို့၌ ပညာသတိ
ရှိစေလို၏။ တစ်ဖန် ငါသည် သင်တို့အား ဆိုးသော
အမှုများကို ရှောင်၍ အပြစ်ကင်းကြရန် အလိုရှိ၏။
၂၀ ငြိမ်သက်ခြင်းကို ပေးတော်မူသော ဘုရား
သခင်သည် မကြာမမြင့်မီ စာတန် *(မာရ်နတ်)* ကို
သင်တို့ ခြေအောက်၌ ချတော်မူ၍ သူ့အပေါ်၌
အောင်နိုင်သောအခွင့်တန်ခိုးကို သင်တို့အား ပေး
တော်မူပါလိမ့်မည်။
ငါတို့သခင်ယေရှု၏ကျေးဇူးတော် (ကြင်နာခြင်း)
သည် သင်တို့၌ရှိပါစေသော။
၂၁ ငါနှင့်အတူ အမှုတော်ကို ဆောင်ရွက်သော
တိမောသေသည် သင်တို့ကို နှုတ်ဆက်၏။ လုခိ၊
ယာသုန်နှင့် သောသိပရ *(ထိုသူတို့သည် ငါ၏ဆွေ
မျိုးများဖြစ်ကြ၏)* တို့ကလည်း သင်တို့ကို နှုတ်
ဆက်၏။
၂၂ ငါတေရတိသည် ရှင်ပေါလုဟောပြောသော
ဤအကြောင်းအရာများကို ရေးသားလျက်နေ၏။ ငါ
သည် သင်တို့ကို နှုတ်ဆက်၏။
၂၃ ဂါယုသည် ငါ့ကိုလက်ခံ၏။ ဤနေရာ၌ရှိသော
အသင်းတော်သည် သူ၏အိမ်ကို အသုံးပြုကြ၏။ သူ
သည်လည်း သင်တို့ကို နှုတ်ဆက်၏။ ဧရတ္တုနှင့်
ငါတို့ညီကွာတုတို့သည်သင်တို့ကိုနှုတ်ဆက်ကြ၏။
၂၄ ငါတို့ သခင်ယေရှုခရစ်တော်၏ ကျေးဇူး
တော် *(ကြင်နာခြင်း)* သည် သင်တို့အားလုံးအပေါ်
၌ရှိပါစေသော။ အာမင်
၂၅ ဘုရားသခင်အား ဘုန်းကြီးပါစေသော။ ဘုရား
သခင်သည် သင်တို့ကို ယုံကြည်ခြင်း၌ အားကြီးစေ
ရန် တတ်နိုင်တော်မူ၏။ ဘုရားသခင်သည် ငါဟော
ပြောသော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းအား
ဖြင့် သင်တို့ကို ခွန်အားနှင့်ပြည့်စုံစေရန်ပြုနိုင်တော်
မူ၏။ ထိုအရာမှာ လူတို့အား ငါ ဟောပြောသော
ယေရှုခရစ်တော်အကြောင်း ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းဖြစ်၏။ ထိုဝမ်းမြောက် ဖွယ်ရာသတင်း
ကောင်းမှာ သမ္မာတရား၏လျှို့ဝှက်နက်နဲသောအရာ
ဖြစ်၍ ဘုရားသခင်သည် ဖွင့်ထားလျက် ထင်ရှားစေ
တော်မူ၏။ ထိုသမ္မာတရား၏ လျှို့ဝှက်နက်နဲသော
အရာမှာ အစအဦး၌ ဝှက်ထားလျက်ရှိခဲ့၏။ ၂၆ သို့
သော်လည်း ထိုနက်နဲလျှို့ဝှက် ထားသောသမ္မာတ
ရားသည် ယခုတွင် ငါတို့အား ထင်ရှားစွာပြတော်မူ
၏။ ထို့အပြင် ထိုသမ္မာတရားသည် လူအပေါင်းတို့
အား သိစေရန် ထင်ရှားစွာ ဖော်ပြတော်မူပြီးဖြစ်၏။
ထိုအရာသည် ပရောဖက်တို့ ရေးထားသောအရာ
များအားဖြင့် ထင်ရှားစွာပြတော်မူ၏။ ထိုအရာသည်
ဘုရားသခင် ပညတ်တော်မူသောအရာဖြစ်၏။ သို့
ဖြစ်၍ ထိုလျှို့ဝှက်သော သမ္မာတရားကို လူအားလုံး
တို့အား ထင်ရှားစွာ ဖွင့်ပြတော်မူပြီးဖြစ်၏။ ထို့ကြောင့်
သူတို့သည် ဘုရားသခင်ကို ယုံကြည်၍
ဘုရားသခင်၏စကားတော်ကို နားထောင်ကြလိမ့်
မည်။ ဘုရားသခင်သည် ထာဝရအစဉ်အမြဲအသက်
ရှင်တော်မူ၏။ ၂၇ ပညာနှင့်ပြည့်စုံတော်မူသော တစ်
ဆူတည်းသော ဘုရားသခင်သည် ယေရှုခရစ်တော်
အားဖြင့် ထာဝရဘုန်း ကြီးတော်မူစေသတည်း။
အာမင်

ရောမဩဝါဒစာပြီး၏။